
စိတ်ကူးချိုချိုအနုပညာ
ပျောက်ဆုံးနေသော
စစ်တရားခံ
မာတင်ဘောမန်း
လင်းယုန်မောင်မောင်
ပြန်လည်ရိုက်နှိပ်ခြင်း




mgyoe.com

LYM0015

3,000.00 KS

mgyoe.com

ပျောက်ဆုံးနေသောစစ်တရားခံမှာတင်ဘောမန်း၊ လင်းယုန်မောင်မောင်
မျက်နှာဖုံးနှင့်အပြင်အဆင် - နိုင်ခွန်အား
စာမျက်နှာ ၂၅၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၇၆ မိုးသောက်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပျောက်ဆုံးနေသော စစ်တာရားခံ

# မာတင်ဘောမန်း

လင်းယုန်မောင်မောင်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| | ပထမအကြိမ် ပုံနှိပ်ခြင်းမှ စာရေးသူ၏အမှာ | ၃ |
| ၁။ | ပျောက်သောသူ ရှာမတွေ့ | ၂၁ |
| ၂။ | လျှို့ဝှက်ဇာတ်ဆန်း၏ နိဒါန်း | ၃၁ |
| ၃။ | 'ပြောရေးဆိုခွင့်' ရှိသူများ | ၄၁ |
| ၄။ | စစ်ခုံရုံး၏ 'ဟာကွက်' တစ်ခု | ၅၁ |
| ၅။ | သောမန်း ဘယ်သူလဲ၊ ဘာလဲ | ၆၃ |
| ၆။ | ဟာစ်တလာနှင့်သောမန်း၊ 'ခေါင်းနှင့်ပန်း' | ၇၅ |
| ၇။ | သောမန်း၏ နေ့စဉ်မှတ်တမ်း | ၉၁ |
| ၈။ | အိုက်ခ်မန်းနှင့် သောမန်း | ၁၀၉ |
| ၉။ | သောမန်းဘယ်မှာလဲ | ၁၂၅ |
| ၁၀။ | လိုက်လေပြေးလေ .. ဝေးလေ | ၁၃၅ |
| ၁၁။ | သောမန်း၏ 'နှစ်စဉ်' မှတ်တမ်း | ၁၅၅ |
| ၁၂။ | အကြီးဆုံးသော လျှို့ဝှက်ချက် | ၁၇၃ |
| ၁၃။ | အကွက်ကောင်းကို ချောင်းနေသူ | ၁၈၉ |
| ၁၄။ | ဆိုဗီယက်စပိုင် မာတင်သောမန်း | ၂၀၃ |
| ၁၅။ | သောမန်းဖိုင်တွဲအမှတ် ၃၆ | ၂၁၅ |
| ၁၆။ | ယုံချင်ယုံ မယုံချင်နေ– သောမန်းသေပြီ | ၂၂၉ |
| ၁၇။ | မာတင်သောမန်း ပြန်လာနိုင်ပါပြီ | ၂၄၁ |
| ၁၈။ | မဆုံးသေးသော နိဂုံး | ၂၄၉ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပထမအကြိမ် ပုံနှိပ်ခြင်းမှ စာရေးသူ၏ အမှာ

ဤစာအုပ်သည် ပျောက်ဆုံးနေသော စစ်တရားခံ မာတင်ဘောမန်းနှင့်ပတ်သက်၍ ကျွန်တော်လေ့လာစုဆောင်းရရှိသမျှ အကြောင်းအရာအချက်အလက်များကို ပြန်လည်ပြုစု ရေးသားထားခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးကို နောက်ခံထား၍ ကျွန်တော်ရေးသားခဲ့သမျှ နာဇီဂျာမနီနှင့် ပတ်သက်သည့် စာအုပ်များကို အစဉ်တစိုက်ဖတ်ရှုလာခဲ့ကြသည့် ချစ်စွာသော စာဖတ်သူအချို့ထံမှ မာတင်ဘောမန်းအကြောင်း အပြည့်အစုံ စာအုပ်တစ်အုပ် ရေးသားပြုစုပါရန် ကျွန်တော့်ထံစာဖြင့်ရေးသား၍လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံ၍လည်းကောင်းအကြံဉာဏ်ပေး တောင်းဆိုခဲ့ကြပါသည်။ ဤစာအုပ်သည် ထိုချစ်စွာသောစာဖတ်သူများ၏ဆန္ဒကို ဖြည့်စွမ်းပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ခါတိုင်းကဲ့သို့ပင် ဖျာပုံမြို့သို့ သွားရောက်ရေးသားခဲ့ရာ၌ လိုအပ်သမျှ ကူညီစောင့်ရှောက်ပေးခဲ့ကြသော ဖျာပုံပရဟိတဆရာတော်ဦးဉာဏိသရာဘိဝံသနှင့် ပရဟိတ အတွင်းရေးမှူး ဦးမြတ်ကြွယ်၊ ဦးအုန်းကွန်း (ထွန်းသီရိရုပ်ရှင်ရုံ) နှင့် ဆရာဦးကျော်မြင့် (ဖျာပုံအထက ၁) တို့အားလည်းကောင်း၊ လိုအပ်သည့်စာအုပ်များ ရှာဖွေပေးခဲ့သည့် စာရေးဆရာစိန်လှိုင်အားလည်းကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အထွေထွေကိစ္စရပ်များနှင့် အကိုးအကား စာအုပ်စာတမ်းများ ကူညီရှာဖွေစုဆောင်းပေးခဲ့သော မောင်သိန်းအောင် (နိုင်ငံခြားငွေဌာန) အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင်

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



နှစ်ပေါင်း ၃၀ နီးပါးမျှ ပျောက်ဆုံးနေသော စစ်တရားခံ
မာတင်ဘောမန်း

mgyoe.com

mgyoe.com



ပျောက်ဆုံးနေသော စစ်တရားခံ မာတင်ဘောမန်းအား
ဂျာမနီတွင် နာဇီများကောင်းစားခဲ့စဉ်က
ဤသို့တွေ့မြင်ခဲ့ကြရသည်။



အာဏာရှင် ဟစ်တလာနှင့် စကားလက်ဆုံကျနေသော
မာတင်ဘောမန်း (အလယ်မှ ဦးထုပ်ဆောင်း၍ ပြုံးနေသူ)

mgyoe.com

mgyoe.com



အာဏာရှင်ဟစ်တလာနှင့် အမြဲတစေ မခွဲမခွာရှိနေခဲ့သော
မာတင်ဘောမန်း

mgyoe.com



အာဏာရှင်ဟစ်တလာ သွားလေရာသို့ လိုက်ပါခဲ့ရသော မာတင်ဘောမန်း

mgyoe.com
mgyoe.com



အားလပ်သည့်ရက်များတွင် ဘောမန်း (ယာဘက်အစွန်)သည်
ဟစ်တလာနှင့် ဤသို့ ရင်းရင်းနှီးနှီးနေထိုင်ခဲ့သည်။

mgyoe.com
mgyoe.com

mgyoe.com




ဘောမန်းပုန်းအောင်းနေသည့်နေရာကို အတိအကျသိပါသည်
ဆိုသော စာရေးဆရာ ဖားအဂိုး။

mgyoe.com

mgyoe.com



ချီလီနိုင်ငံနယ်စပ် လူဝင်လူထွက်ဌာနတွင် တွေ့ခဲ့ရသည်
ဆိုသော မာတင်ဘောမန်း

mgyoe.com




ပျောက်ဆုံးနေသော ဘောမန်းအား မကြာခဏတွေ့နေကြသည့် သတင်းများကို သရော်လိုက်သော ကာတွန်းတစ်ခု။

mgyoe.com
mgyoe.com

mgyoe.com



ဝရမ်းပြေး နာဇီစစ်တရားခံပေါင်း ၈၀၀ ကျော်ကို ဖမ်းဆီးပေး
ခဲ့သော 'နာဇီအမဲလိုက်မုဆိုးကြီး' ဆိုင်မွန်ဝေဆန်သာ

mgyoe.com

mgyoe.com



'ဘောမန်းသည် ဆိုဗီယက်စပိုင်ဖြစ်သည်' ဟူ၍ အတိအလင်း
စွပ်စွဲခဲ့သော ဂျာမန်ထောက်လှမ်းရေးဗိုလ်ချုပ်
ရိန်းဟတ်ဂါလင်

mgyoe.com

mgyoe.com



ယနေ့ထက်တိုင် တောင်အမရိကတိုက်တွင် ရှိနေကြသော နာဇီ
စစ်တရားခံများ (ဝဲမှယာ–အထက်အောက်) ဟိန်းရစ်မူးလား၊
ဒေါက်တာမင်းဂျီလ်၊ ဝေါလ်တာရော့ဖ်နှင့် ကလော့စ်ဘာဘီး။

mgyoe.com




၁၉၆၅ ခုနှစ်က ဘောမန်းအလောင်းကို တူးဖော်ရှာဖွေခဲ့ကြသောနေရာနှင့် ၁၉၇၂ ခုနှစ်တွင် အရိုးစုများ တွေ့ခဲ့ကြရသော နေရာများကို ပြသထားသည့်ပုံ။

mgyoe.com
mgyoe.com

mgyoe.com



တူးဖော်ရရှိခဲ့သော အရိုးခေါင်းကို ဘောမန်း၏ဓာတ်ပုံဖြင့်
ဤသို့နှိုင်းယှဉ်ကြည့်ခဲ့ကြသည်။



ဘာလင်မြို့တစ်နေရာမှ တူးဖော်ရရှိခဲ့သော အရိုးခေါင်းကို
ဘောမန်း၏ဓာတ်ပုံဖြင့် နှိုင်းယှဉ်ပြသထားပုံ။

mgyoe.com

mgyoe.com



မြေကြီးထဲမှ တူးဖော်ရရှိခဲ့သော ဘောမန်း၏အရိုးများဟု
ထင်ရသည့် အရိုးစုကို ဤသို့တွေ့ကြရသည်။

mgyoe.com

mgyoe.com

# ပျောက်သောသူ ရှာမတွေ့

၁၉၄၅–ခု၊ မေလ ၂–ရက်နေ့ နံနက်အရုဏ်တက်ချိန် ....

ဘာလင်မြို့တော်မှ ‘ရိုက်ချ်ချင်စယ်လာရီ’ ခေါ် အစိုးရအိမ်တော်ဝင်း အတွင်းရှိ မြေအောက်ပုန်းကျင်းထဲတွင် ဖြစ်သည်။

မသေမပျောက်သေးဘဲ ကျန်ရှိနေကြသည့် နာဇီအင်ပိုင်ယာနိုင်ငံတော်ကြီး၏ ထိပ်တန်းအရာရှိကြီးများနှင့် သူတို့၏ သက်တော်စောင့်များ၊ အခိုင်းအစေများမှာ ဂနာမငြိမ်ဘဲ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

အကြောင်းသော်ကား ယနေ့–ယခုအချိန်သည် တတိယ ဂျာမန်နိုင်ငံတော်ကြီး၏ နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်ဖြစ်၍ လိုက်ကာချ ဇာတ်သိမ်းခန်းသို့ ရောက်နေပြီဖြစ်သောကြောင့်တည်း။

မှန်သည်။ သူတို့၏ခေါင်းဆောင်ကြီး အာဏာရှင် ဟစ်တလာမှာ သေဆုံးခဲ့ပြီဖြစ်သည်။ ဟစ်တလာ၏အချစ်ဆုံးဇနီး အီဗာဘရွန်း၊ အချစ်တော်ခွေးကြီး ဘလွန်ဒီနှင့် သစ္စာရှိရဲဘော် ဂိုးဘဲလ်တို့မှာလည်း ဟစ်တလာနှင့်အတူ သေရွာသို့ လိုက်ပါသွားခဲ့ကြပြီဖြစ်သည်။

လက်နက်ချ အရှုံးပေးရေးကို တတ်နိုင်သမျှ အချိန်ဆွဲကာ နှောင့်နှေးကြန့်ကြာအောင် ကြိုးစားလုပ်ဆောင်မှုမှန်သမျှမှာလည်း အချည်းနှီးအလဟဿဖြစ်ခဲ့ရပြီ ဖြစ်သည်။ ဘာလင်မြို့တော် ကာကွယ်ရေးအတွက် တာဝန်ယူနေရသော တပ်မှူးကြီး ဗိုလ်ချုပ်ဝိုက်ဒလင်ကလည်း အရာမရောက်

mgyoe.com

mgyoe.com

ဘဲ အကျိုးမဲ့ ခုခံတိုက်ခိုက်နေခြင်းများကို ရပ်စဲလိုက်ကြရန် ဂျာမန်တပ်သား အားလုံးကို အမိန့်ပေးလိုက်ပြီဖြစ်ကြောင်း၊ ပုန်းကျင်းထဲမှ ထိပ်တန်းအရာရှိကြီးများထံ အကြောင်းကြား သတင်းပို့ပြီးဖြစ်သည်။ နောက်ဆုံး လက်ကျန်ရမ်နှင့် ကော့ညက်အရက်များမှာလည်း တစ်စက်မှမရှိတော့ဘဲ ပုလင်းခွံများသာ ကျန်တော့သည်။ ကဲ ... ဘာလုပ်ကြမလဲ။

လက်နက်ချကြမလား ...။ သည်လိုတွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် ပုန်းကျင်းထဲမှ လူအားလုံးမှာ ကျောရိုးထဲက စိမ့်သွားအောင် တုန်လှုပ်သွားမိကြသည်။ ရင်ဘတ်နှင့် ပခုံးပေါ်မှ ရွှေချည်ဖြင့်ထိုးထားသော မိမိတို့၏ လုံခြုံရေးတပ်ဖွဲ့ဝင် ရာထူးတံဆိပ်များကို တစ်ယောက်မကျန် တုန်ယင်သောလက်များဖြင့် စမ်းကြည့်မိကြသည်။

ပတ်ပတ်လည်ဝိုင်းနေကြသော ဆိုဗီယက်တပ်များကို ဖောက်ထွက်ဖို့ ကြိုးစားကြမလား။ သည်လိုဆိုလျှင်လည်း မိုက်ရူးရဲလုပ်ရာကျမည်။ 'တိုင်းယားဂါတင်' ကွက်လပ်ကိုဖြတ်၍ အနောက်ဘက် ဟောဗဲလ်မြစ်ဆီသို့ ဖောက်ထွက်ရန် ကြိုးစားခဲ့ကြသော နောက်ဆုံးလူတစ်စု၏ သတင်းကိုပင်လျှင် ဘာတစ်ခုမှ မကြားရတော့ဘဲ ဖြစ်နေသည်။ လွန်ခဲ့သည့် နှစ်ရက်သုံးရက်လောက်ကဆိုလျှင် ကျယ်ပြန့်သော 'ချာလော့တင်ဘာဂျာ' ကွင်းထဲမှနေ၍ ဆက်သွယ်ရေးလေယာဉ်တစ်စင်းဖြင့် ထွက်ပြေးမည်ဆိုက ဖြစ်နိုင်သေးသည်။ ယခုတော့မူ တိုင်းယားဂါတင် ကွင်းပြင်တစ်ခုလုံးသည်ပင်လျှင် ဆိုဗီယက်တပ်များ၏လက်တွင်းသို့ သက်ဆင်းကျရောက်နေပြီဖြစ်သည်။ ထို့ပြင် 'ရိုက်ချ်စတက်' ခေါ် လွှတ်တော်အဆောက်အဉီကြီးကိုလည်း ရုန်သူတပ်များက သိမ်းပိုက်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ ယခုအချိန်တွင် 'စစ်မျက်နှာ' ဟူ၍ပင် ခေါ်ရန် ခဲယဉ်းနေပြီဖြစ်သော ရှေ့တန်းစစ်မျက်နှာမှာ ဘယ်လောက်မှ မဝေးတော့ဘဲ အစိုးရအိမ်တော်၏တောင်ဘက် ကိုက် ၁၀၀–၂၀၀ အတွင်းသို့ပင် ရောက်နေပြီဖြစ်သည်။ မိမိတို့ ခါတိုင်းသွားနေကျ လာနေကျဖြစ်သော ဘာလင်မြို့တော်မှ လမ်းကြီးလမ်းငယ်များကို စိတ်ထဲတွင် အကြိမ်ကြိမ်အခါခါတွေးကြည့်ရင်း အရူးမီးဝိုင်းဖြစ်နေကြသော နာဇီခေါင်းဆောင်များမှာ ပုန်းကျင်းထဲမှ ထွက်

mgyoe.com

ပြေးကြရန် သွေးရူးသွေးတန်း စီစဉ်နေကြသည်။

နောက်ဆုံးတွင်မူ သူတို့သည် အုပ်စုလိုက်–အုပ်စုလိုက် လူစုခွဲ၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြစ်သလို ကိုယ်လွတ်ရုန်း၍ သေပြေးရှင်ပြေး ထွက်ပြေးကြရန် အားလုံးသဘောတူ ဆုံးဖြတ်လိုက်ကြသည်။

ဤတွင် ဘာလင်မြို့တော်မှ သည်နေရာ၊ သည်နယ်မြေတစ်ဝိုက်၏ အနေအထားနှင့် အခြေအနေကို မျက်စိထဲတွင် မြေပုံကားချပ်တစ်ခုလို မြင်လာအောင် အသေးစိတ် တိတိကျကျ ဖော်ပြရန် လိုလာသည်။ အချက်အချာဖြစ်သော အစိုးရအိမ်တော် ပုန်းကျင်းမှာ အိမ်တော်ဝင်းအတွင်းရှိ ဥယျာဉ်ထဲတွင် လိုဏ်ခေါင်းတူး၍ အခိုင်အခံ့တည်ဆောက်ထားသည့် မြေအောက်အဆောက်အဦကြီးတစ်ခုဖြစ်သည်။ ဤမြေအောက်ပုန်းကျင်းရှိရာ ဥယျာဉ်မှာ 'ဝန်ကြီးများ၏ရုံးလမ်း' ဟူ၍ ထင်ရှားကျော်ကြားနေသော ဝီလျံလမ်းမကြီးနှင့် ဗော့စ်လမ်းကျဉ်းကလေး၏ ထောင့်တွင်ဖြစ်၍ အစိုးရအိမ်တော်၏ အဓိကဝင်ပေါက်တံခါးများမှာ သည်မှာဘက်တွင်ရှိသည်။ အိမ်တော်အဝင်ဝနှင့် မျက်နှာချင်းဆိုင်တွင်မူ ဝီလျံပန်းခြံ၊ ကိုင်ဇာဟော့ဖ်ဟိုတယ်နှင့် ဝါဒဖြန့်ချိရေး ဝန်ကြီး ဂိုးဘဲလ်၏ ရုံးအဆောက်အဦများရှိသည်။

တစ်ခါက ဘာလင်မြို့သူမြို့သားများ၏ အပန်းဖြေရာ နာဇီပါတီ၏ လူထုအစည်းအဝေးကြီးများ ကျင်းပရာနေရာအဖြစ် သာယာတင့်တယ်ခဲ့သော ဝီလျံပန်းခြံကြီးမှာ ယခုအခါ ဆိုဗီယက်တပ်ဦးတော်မှ အမြောက်ကြီးများ၏ လက်ချက်ကြောင့် ကျင်းကြီးများ၊ ချိုင့်ကြီးများဖြင့် မြေစိုင်မြေခဲများ ဖွာလန်ကြဲကာ မြင်မကောင်း ရှုမကောင်းတော့ဘဲ လူသေမြှုပ်သည့် သုသာန်မြေလို ကျက်သရေကင်းမဲ့နေပြီဖြစ်သည်။ အလားတူပင် နာဇီပါတီ အာဏာရလာသည့် ၁၉၃၃ ခုနှစ်အထိ ဟစ်တလာ၏ဌာနချုပ်အဖြစ် အသုံးပြုခဲ့သော ကိုင်ဇာဟော့ဖ် ဟိုတယ်အဆောက်အဦနှင့် အာဏာရှင်ဟစ်တလာ၏ တစ်သွေးတစ်သံတစ်မိန့်များကို ထုတ်ပြန်ကြေညာခဲ့သော ဂိုးဘဲလ်၏ ဝါဒဖြန့်ချိရေးရုံးအဆောက်အဦများမှာလည်း ဗုံးဒဏ် အမြောက်ဒဏ်များကို မခံနိုင်ဘဲ လုံးဝပျက်စီးပြိုလဲကာ အုတ်ပုံအုတ်ခဲများဘဝသို့ ရောက်နေကြရ

mgyoe.com

mgyoe.com

ပြီဖြစ်သည်။

သည်နေရာ သည်ဌာနမှ အဘယ်သူ တစ်ဦးတစ်ယောက်သည် အဘယ်သို့သောထွက်ပေါက်မှ ဘယ်နည်းဘယ်ပုံ ထွက်ပြေးလွတ်မြောက်နိုင်ပါအံ့နည်း။

ဝီလျံလမ်းမကြီးအတိုင်း တောင်ဘက်သို့ပြေးလျှင် လွတ်နိုင်မည်လော၊ သည်လမ်းမှ ထွက်ပြေးရန်မှာ မျှော်လင့်ချက် လုံးဝမရှိ။ ကိုယ့်သေတွင်း ကိုယ်တူးသလိုသာ ဖြစ်ချိမ့်မည်။ သို့ဖြစ်လျှင် 'တိုင်းယားဂါတင်' ကွက်လပ်ကြီးကိုဖြတ်၍ အနောက်အရပ်သို့ပြေးမည်ဆိုပါက လွတ်နိုင်စရာရှိပါ၏လော။ သည်လမ်းမှ ပြေးလျှင်လည်း 'ကျားရှေ့ မှောက်လျက်လဲ' သလို ဆိုဗီယက်တပ်သားများလက်ထဲသို့ ကားခနဲ အမိခံရမည်မှာ သေချာသည်။ သည်လိုဆိုပါက အရှေ့ဘက်သို့ အလစ်ထွက်ပြေးလျှင်ကော မဖြစ်နိုင်ဘူးလား၊ လုံးဝမဖြစ်နိုင်။ အဆက်မပြတ် စက္ကန့်နှင့်အမျှ ကျရောက်ပေါက်ကွဲနေသော ဆိုဗီယက်အမြောက်ဆန်များအကြားတွင် 'သေရွာသို့ ဖြတ်လမ်းကသွားသလို' ဖြစ်မည်။ သို့သော် မြောက်ဘက်သို့ ထွက်ပြေးမည်ဆိုပါက လွတ်စရာလမ်းမြင်သည်ဟု အားလုံးက သဘောတူကြသည်။

မှန်သည်။ အရှေ့အနောက်နှင့် တောင်အရပ်များမှ ထွက်ပြေးလွတ်မြောက်ရန် လုံးဝမျှော်လင့်ချက် မရှိသော်လည်း မြောက်အရပ်ဆီသို့ ဦးတည်၍ ထွက်ပေါက်ရှာနိုင်လျှင် လွတ်မြောက်စရာ အခွင့်အလမ်းရှိသည်။ ပုန်းကျင်းထဲမှထွက်၍ မြောက်ဘက်သို့တည့်တည့်သွားလျှင် စပရီးမြစ်ကမ်းပါးသို့ ရောက်နိုင်သည်။ ထိုနေရာသို့ ရောက်ရန်အတွက် ရှေးဦးစွာ 'အန်တာလင်ဒန်' လမ်းပေါ်မှ ပြိုကျပျက်စီးနေသော အဆောက်အဦများကို ဖြတ်ကာ နှစ်ဖာလုံခန့် လျှောက်ရမည်။ ထို့နောက် အန်တာလင်ဒန်လမ်းမကြီးနှင့် ကန့်လန့်ဖြတ်ရှိနေသော ဖရိုက်ဒရစ် လမ်းဆုံသို့ရောက်မည်။ အဆိုပါလမ်းဆုံမှ လက်ဝဲဘက်သို့ တည့်တည့်ကြီး သွားလိုက်လျှင် စပရီးမြစ်ကမ်းပါးမှ 'ဖရိုက်ဒရစ်ဘူတာရုံ' သို့ ရောက်သွားမည်။ အဆိုပါဘူတာရုံသို့ မြေအောက်မီးရထားလမ်းမှတစ်ဆင့်လည်း ရောက်နိုင်သည်။ ထိုနေရာသို့ရောက်လျှင် အတော်အတန် အသက်ရှူပေါက် ချောင်သွားစရာရှိသည်။ ထိုနေရာမှ

mgyoe.com

mgyoe.com


တစ်ဆင့် ဘာလင်မြို့အပြင်သို့ ...

အိမ်တော်ဝင်းအတွင်းရှိ လူအုပ်မှာလည်း အတော်ကလေးများသည်ဟု ဆိုရမည်ဖြစ်သည်။ စုစုပေါင်း လူလေးရာနီးပါးခန့်ရှိသည်။ သည်အထဲတွင် 'နော့ဒ်လင်း' တပ်မကြီးမှ အရာရှိနှင့် တပ်သားများလည်းပါဝင်သည်။ 'ဘာရန့်ဖန်ဂျာ' တိုက်ခိုက်ရေးတပ်မှ မသေမပျောက် ပြန်ရောက်လာကြသည့် တပ်သားအကြွင်းအကျန်များနှင့် အစိုးရအိမ်တော် ကာကွယ်ရေးအတွက် ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ခြင်း ခံကြရသည့် လေတပ်မတော်မှ မြေပြင်တပ်သား အမြောက်အမြားလည်း ပါဝင်ကြသည်။ သည်အထဲတွင် ရက်စက်ရိုင်းစိုင်းလှ၍ နာမည်ဆိုးဖြင့် ကျော်ကြားနေသော 'အပြာရောင်တပ်မကြီး' မှ စပိန်စစ်သားများပင် ပါဝင်သည်။

သူတို့လူအုပ်နှင့်အတူ ဟစ်တလာ၏ပုန်းကျင်းထဲမှ ထွက်လာကြသည့် ထိပ်တန်းအရာရှိကြီးများ၊ အစေခံများ၊ အတွင်းရေးမှူးများနှင့် လက်ထောက်စခန်း တာဝန်ခံများ တစ်စုတစ်ဝေးတည်း ပူးပေါင်းမိကြသည်။ သည်လူအုပ်ထဲတွင် အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည် ခပ်တုတ်တုတ်ဖြင့် လုံခြုံရေးတပ်ဖွဲ့၏ တပ်မှူးကြီးရာထူးတံဆိပ်များ တပ်ဆင်ထားသော ယူနီဖောင်းဝတ်ဖြင့် လူတစ်ယောက်ကို တွေ့ကြရသည်။

ရှင်းရှင်းပြောရလျှင် သည်လူအုပ်ကြီး၏ ခေါင်းဆောင်ဖြစ်သော တပ်မှူးကြီးသည် မိမိတို့၏လွတ်မြောက်ရေးအတွက် သည်တပ်သားများကို အဓိကထား၍ အားကိုးနေသည်မဟုတ်။ သူအားကိုးသည်မှာ ယခုအချိန်အထိ သူတို့နှင့်အတူရှိနေသေးသည့် တင့်ကားသုံးစီးကိုလည်းကောင်း၊ ပြောင်းဝကို လိုသလို ချိန်၍ပစ်နိုင်သော အမြောက်များကိုလည်းကောင်း၊ သံချပ်ကာကားများကိုလည်းကောင်း ဒါတွေကိုသာ သူ အားကိုးသည်။

သို့ဖြင့် ဒဏ်ရာအနာတရဖြစ်နေကြ၍ လုံးဝ လမ်းမလျှောက်နိုင်ကြတော့သည့် လူနာများကို တင့်ကားများပေါ်သို့တင်ပြီးနောက် အုပ်စုလိုက် အုပ်စုလိုက် လူစုခွဲ၍ ထွက်ခွာလာခဲ့ကြသည်။ အချို့သောအုပ်စုများက မြေအောက်ဥမင်လိုဏ်ခေါင်းထဲမှ မီးရထားလမ်းအတိုင်း ဆုတ်ခွာကြရန် ဆုံးဖြတ်လိုက်ကြသည်။ သည်အုပ်စုများအားလုံး ဖရိုက်ဒရစ်ဘူတာရုံတွင်

mgyoe.com

mgyoe.com

ပြန်လည်ဆုံတွေ့၍ လူစုကြရန် သဘောတူခဲ့ကြပြီးဖြစ်သည်။

သို့သော် သတ်မှတ်ထားသည့် စပရီးမြစ်ကမ်းဘေးမှ 'ဝိုက်ဒင်ဒမ်းမား' ရပ်ကွက်သို့ အချို့သောအုပ်စုများ ရောက်သွားသည့် အချိန်တွင်မူ သူတို့လူစုမှာ မမျှော်လင့်ဘဲ ဆိုဗီယက်အမြောက်များနှင့် တင့်ကားများမှ အဆက်မပြတ် သဲသဲမဲမဲ ပစ်ခတ်ခြင်းများကို ခံကြရတော့သည်။ ဤတွင် အသက်ကိုဖက်နှင့်ထုပ်ကာ ခွေးပြေးဝက်ပြေး ပြေးလာခဲ့ကြရသော နာဇီစစ်ပြေးများမှာ တအုံးအုံးတဒိုင်းဒိုင်းဖြင့် တရစပ်ကျရောက်ပေါက်ကွဲနေသည့် ဆိုဗီယက်အမြောက်ဆန်များနှင့် စက်သေနတ်ကျည်ဆန်များအကြားတွင် ပြေးပေါက်မှားကာ ကစဥ့်ကလျားဖြင့် တကွဲတပြား ဖြစ်သွားကြတော့သည်။ ထိုအချိန်မှာပင် လူတိုင်းလူတိုင်းသည် ကိုယ့်အသက်ဘေးအတွက် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးခဲ့ကြရတော့သည်။

× × ×

အထက်ပါဖြစ်ရပ်များမှာ ၁၉၄၅ ခုနှစ် မေလ ၂ ရက်နေ့ နံနက်ဝေလီဝေလင်းအချိန်က ဂျာမနီအာဏာရှင် ဟစ်တလာ၏ နောက်ဆုံးခိုအောင်းရာဖြစ်သော မြေအောက်ပုန်းကျင်းနှင့် အစိုးရအိမ်တော်အတွင်းမှ သွေးရူးသွေးတန်း ထွက်ပြေးရန် ကြိုးစားခဲ့ကြသည့် နာဇီခေါင်းဆောင်များ၏ ကံကြမ္မာနှင့်ပတ်သက်၍ အထောက်အထားခိုင်လုံစွာဖြင့် စုဆောင်းရရှိသမျှ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ထိုနေ့ ထိုရက်နံနက်က စပရီးမြစ်ကမ်းဘေးတွင် ဂျာမန်တင့်ကားသုံးစီးကို အကာအကွယ်ယူ၍ ထိုသို့ထွက်ပြေးရန် ကြိုးစားခဲ့ကြသူများအနက် အချို့မှာ ဆိုဗီယက်တို့၏ အမြောက်ဆန်များနှင့် ကျည်ဆန်များထိမှန်၍ အတုံးအရုံးသေဆုံးခဲ့ကြသည်။ အချို့မှာလည်း ထိုနေရာမှ လွတ်မြောက်လာခဲ့ပြီး ဘာလင်မြို့တွင်း၌ ယောင်လယ်လယ်ဖြစ်နေခိုက် ဆိုဗီယက်တပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ကြရသည်။ အချို့မှာမူ မသေမပျောက်ဘဲ ရုပ်ဖျက်၍ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။ သို့သော် ထိုသို့ 'သေကံမရောက်

mgyoe.com

mgyoe.com

သက်မပျောက်' ဘဲ ရုပ်ဖျောက်၍ ထွက်ပြေးလွတ်မြောက်သွားကြသူများ အနက် အားလုံးလိုလိုပင် နောင်အခါ၌ ဆိုဗီယက်နှင့် မဟာမိတ်တပ်များ၏ လက်ရဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။

ထိုထိုသောပုဂ္ဂိုလ်များအနက် အစိုးရအိမ်တော်၏ အစောင့်တပ်မှူး ကြီး ဗိုလ်ချုပ်မွန်ကေး၊ ဟစ်တလာ၏ သက်တော်စောင့်ဗိုလ်မှူးကြီး အော့တို ဂွမ်ချဲ၊ ဗိုလ်ချုပ် ရက်တင်ဟူးဘား၊ ဗိုလ်ချုပ်ဟန်စ်ဘောယား စသူတို့မှာ နာရီပိုင်း ရက်ပိုင်းအတွင်း ဘာလင်မြို့တွင်းမှာပင် ဆိုဗီယက်တပ်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။

၎င်းတို့အနက် ခေါင်းဆောင်ကြီးဟစ်တလာ၏ ယုံကြည်စိတ်ချခြင်း ခံရသော လေယာဉ်မှူးဖြစ်သူ ဗိုလ်ချုပ်ဘောယားမှာ ထိုနေရာတွင်ပင် ဆိုဗီယက်အမြောက်ဆန်ထိမှန်၍ ခြေတစ်ဖက်ပြတ်ကာ သတိမေ့လဲကျသွားခဲ့ သည်။ ထိုသို့ အမြောက်ဆန်ထိမှန်ခဲ့စဉ်က ဗိုလ်ချုပ်ဘောယား၏လက်ထဲ၌ ဂျာမန်ရာဇဝင်တွင် ထင်ရှားကျော်ကြားသော ဖရက်ဒရစ်ဘုရင်ကြီး၏ ပုံတူ ပန်းချီကားချပ်တစ်ခု ဆုပ်ကိုင်လျက်ရှိသည်။ ဤပုံတူကားချပ်မှာ ခေါင်း ဆောင်ကြီး ဟစ်တလာကိုယ်တိုင်က သူ့အား အမှတ်တရ လက်ဆောင် ပေးအပ်ခဲ့ခြင်းဖြစ်ရာ ဗိုလ်ချုပ်ဘောယားသည် အဆိုပါပန်းချီကားချပ်ကို အမြတ်တနိုးဖြင့် သေပြေးရှင်ပြေး ပြေးရာတွင်ပင် အပါယူလာခဲ့ခြင်းဖြစ် သည်။ သို့သော် သူ့အား ဆိုဗီယက်တပ်သားများက စစ်မြေပြင်ဆေးရုံသို့ ပို့လိုက်ပြီးနောက် ဆေးရုံပေါ်တွင် သူ သတိပြန်ရလာချိန်တွင်မူ အဆိုပါ ဖရက်ဒရစ်ဘုရင်ကြီး၏ ပုံတူကားချပ်မှာ သူ့လက်ထဲတွင် မရှိတော့ဘဲ ပျောက်ဆုံးနေပြီဖြစ်သည်။

ထိုနေ့နံနက်က စပရီးမြစ်ကမ်းဘေးမှ ကံကောင်းထောက်မ၍ ဒဏ်ရာတစ်စုံတစ်ရာမရဘဲ ထွက်ပြေးလွတ်မြောက်သွားကြသူများထဲတွင် ဟစ်တလာ၏ကားမောင်းသမား အီးရစ်ကင်ပလားနှင့် ဟစ်တလာ၏ လူငယ်အစည်းအရုံးခေါင်းဆောင် အက္ကစ်မန်းတို့လည်း ပါဝင်ကြသည်။ သို့သော် သူတို့နှစ်ဦးအပါအဝင် ထိုစဉ်က ဘာလင်မြို့တော်မှ နည်းအမျိုး မျိုးဖြင့် ထွက်ပြေးလွတ်မြောက်သွားကြသူများမှာ နောင်အခါ၌ အားလုံးလို

mgyoe.com

လို မဟာမိတ်တပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ကြရသည်။

အားလုံးကိုခြုံ၍ဆိုရသော် ထိုနေ့ ထိုနံနက်က ကိုယ့်အသက်ကိုယ် ဖက်နှင့်ထုပ်၍ ခွေးပြေးဝက်ပြေး ပြေးခဲ့ကြသော နာဇီခေါင်းဆောင်များနှင့် နောက်လိုက်ငယ်သားများမှာ အတုံးအရုံး သေဆုံးသူများ၊ မရှုမလှဒဏ်ရာ ရသူများ၊ မကြာမီ နာရီပိုင်း ရက်ပိုင်းအတွင်း အဖမ်းခံရသူများနှင့် လွတ်မြောက်သွားပြီးမှ လပေါင်းအတန်ကြာတွင် ပြန်၍ အဖမ်းခံရသူများ စသည်ဖြင့် အမျိုးမျိုးရှိကြသည်။

သို့သော် ထိုနေ့ ထိုရက် ထိုနံနက်က မီးဟုန်းဟုန်းတောက်လောင်နေသည့် ဘာလင်မြို့တော်မှ ထိုသို့ ကြောက်အားလန့်အားဖြင့် တကွဲတပြားထွက်ပြေးကြရန် ကြိုးပမ်းခဲ့ကြသူများအနက် ထိုသို့ အတုံးအရုံး သေဆုံးခဲ့ကြသူများထဲတွင်လည်းကောင်း၊ ထိုသို့ မရှုမလှ ဒဏ်ရာရခဲ့ကြသူများထဲတွင်လည်းကောင်း၊ ထိုသို့ နာရီပိုင်း ရက်ပိုင်းအတွင်း အဖမ်းခံကြရသူများထဲတွင်လည်းကောင်း၊ ထိုသို့ လပေါင်းများစွာကြာပြီးမှ ပြန်၍ အဖမ်းခံကြရသူများထဲတွင်လည်းကောင်း ဘယ်အမျိုးအစားထဲတွင်မှ မပါဝင်ဘဲ ထူးဆန်းစွာ ပျောက်ဆုံးနေသူတစ်ယောက်ရှိသည်။

ထိုသို့ ပျောက်ဆုံးနေသည့်ပုဂ္ဂိုလ်မှာ ထိုနေ့ ထိုရက် ထိုနံနက်က ဘာလင်မြို့တော်မှ အလုအယက် သူ့ထက်ငါဦးအောင် သေပြေးရှင်ပြေး ပြေးရန်ကြိုးပမ်းခဲ့ကြသည့် နာဇီခေါင်းဆောင်များထဲတွင် အထက်တစ်နေရာ၌ဖော်ပြခဲ့သော အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည် ခပ်တုတ်တုတ်ဖြင့် လုံခြုံရေးတပ်ဖွဲ့၏ တပ်မှူးကြီးရာထူးတံဆိပ်များ တပ်ဆင်ထားသော ယူနီဖောင်းဝတ်ပုဂ္ဂိုလ်ပင်ဖြစ်သည်။

အဆိုပါ ယူနီဖောင်းဝတ်ပုဂ္ဂိုလ်မှာ အခြားသူမဟုတ်၊ နာဇီဂျာမနီတွင် အာဏာရှင်ဟစ်တလာမှလွဲ၍ တန်ခိုးအာဏာအထက်မြက်ဆုံးနှင့် အရေးပါအရာရောက်ဆုံးဟူ၍ အသိအမှတ်ပြုခြင်းခံခဲ့ရသော မာတင်ဘောမန်းပင်ဖြစ်သတည်း။

မှန်သည်။ မာတင်ဘောမန်းသည် လွန်ခဲ့သော ၁၉၄၅ ခုနှစ်မှစ၍ ယခု ၁၉၇၅ ခုနှစ်အထိ နှစ်ပေါင်းသုံးဆယ်လုံးလုံး အစအနရှာမရလောက်

mgyoe.com

အောင် ထူးဆန်းစွာပျောက်ဆုံးနေသည့် တစ်ဦးတည်းသော နာဇီစစ်ရာဇဝတ်ကောင်ဖြစ်သည်။

'ပျောက်သောသူ ရှာလျှင်တွေ့' ဟူသော ဆိုရိုးစကားသည် မာတင်ဘောမန်းနှင့် လားလားမျှမဆိုင်။ နှစ်ပေါင်းသုံးဆယ်လုံးလုံး အစရှာမရအောင် ပျောက်ဆုံးနေသည့် မာတင်ဘောမန်းအတွက် 'ပျောက်သောသူ ရှာမတွေ့' ဟူ၍ပင် ဆိုရတော့မည်ဖြစ်သည်။

မှန်သည်။ 'ပျောက်သောသူ ရှာမတွေ့' သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လျှို့ဝှက်ဇာတ်ဆန်း၏ နိဒါန်း

မာတင်ဘောမန်း၏ လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းသည် ၁၉၄၅ ခု၊ မေလ ၁ ရက်နေ့လွန်မြောက်၍ ၂ ရက်နေ့အကူးတွင် စတင်ခဲ့ခြင်းဖြစ်သည်။

မြေအောက်ပုန်းကျင်းထဲမှ မာတင်ဘောမန်း ထွက်ပြေးရန် ကြံစည်နေသည့်အချိန်တွင် ဆိုဗီယက်တပ်နီများသည် ပုန်းကျင်းရှိရာသို့ တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ချူးကော့ဖ် ဦးစီးသော အမှတ် (၈) ဆိုဗီယက်တပ်မတော်သည် တောင်ဘက်မှနေ၍ အစိုးရအိမ်တော်ရှိရာသို့ တစ်ဟုန်ထိုး ချီတက်တိုက်ခိုက်လျက်ရှိသည်။ ဤတပ်မတော်သည် မေလ ၁ ရက်နေ့တွင် တိုင်းယားဂါတင်ကွက်လပ်၏ တောင်ဘက်မှ ကပ်နေသော လိုက်ပ်ဇစ်လမ်းမကြီးကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သည်။ သို့ဖြင့် ဆိုဗီယက်တပ်များသည် အစိုးရအိမ်တော်နှင့် ကိုက် ၁၀၀–၂၀၀ မျှသာ ကွာဝေးသည့်နေရာသို့ ရောက်နေခဲ့သည်။

တစ်ဖန် အရှေ့ဘက်မှလည်း ဗိုလ်ချုပ်ကြီး ဘာဇာရင် ကွပ်ကဲသော ဆိုဗီယက် အမှတ် (၅) မုန်တိုင်းတပ်မတော်သည် အန်တာလင်ဒန်လမ်းမကြီး၏ အရှေ့ဘက်အပိုင်းကို တိုက်ခိုက်သိမ်းပိုက်ကာ အိမ်တော်ရှိရာသို့ ဦးတည်၍ ချီတက်လာနေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ထိုမုန်တိုင်းတပ်မှ အခြားတပ်ဖွဲ့များသည် မြောက်ဘက်မှ ချီတက်လာခဲ့ကြ၍ ဝိုက်ဒင်ဒမ်းမားရပ်ကွက်

mgyoe.com

mgyoe.com

၏ အရှေ့မြောက်ပိုင်း စပရီးမြစ်ကမ်းသို့ပင် ရောက်နေကြပြီဖြစ်သည်။ ထို အချိန်တွင် ဗိုလ်ချုပ်ကူးဇနက်ဆော့ ခေါင်းဆောင်သော အမှတ် (၃) မှန်တိုင်း တပ်မတော်က 'ရိုက်ချ်စတက်' ခေါ် ဂျာမန်လွှတ်တော် အဆောက်အဦကြီး ကို လုံးဝသိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သည်။

ဤသို့ဖြင့် ဝိုင်းပတ်ပိတ်ဆို့မှုသည် ပြီးပြည့်စုံသလောက်ဖြစ်နေ သည်။ ဤအချိန်မှာပင်လျှင် မာတင်ဘောမန်း၏ လျှို့ဝှက်ဆန်းကြယ်ဇာတ် လမ်း စတင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၅ ခု၊ မေလ ၁ ရက်နေ့ ညသန်းခေါင်အချိန် လွန်မြောက်၍ ၂ ရက်နေ့နံနက် ဝေလီဝေလင်း အရုဏ်တက်အချိန်တွင် မြေအောက်ပုန်း ကျင်းထဲမှထွက်၍ စပရီးမြစ်ကမ်းဘက်ဆီသို့ ဖရိုဖရဲဖြင့် တကွဲတပြားစီ အုပ်စုလိုက် ဆုတ်ခွာပြေးကြသော ဂျာမန်ခေါင်းဆောင်များနှင့် နောက်လိုက် ငယ်သားများထဲတွင် မာတင်ဘောမန်းနှင့်အတူ အီးရစ်ကင့်ပကားဆိုသူ ပါဝင်ခဲ့သည်။

ကင့်ပကားမှာ ခေါင်းဆောင်ကြီး ဟစ်တလာ၏ ကားမောင်းသမား ဖြစ်သည်။ သူသည် နောက်ဆုံးအချိန်အထိ သူ့ဆရာအာဏာရှင် ဟစ်တလာ နှင့် မြေအောက်ပုန်းကျင်းထဲတွင် အတူတကွ နေခဲ့ရုံမျှမက ဟစ်တလာနှင့် အီဗာဘရွန်းတို့ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ကြပြီးနောက် သူတို့၏ အလောင်းများကို ကိုယ်တိုင်ဓာတ်ဆီလောင်း၍ မီးသဂြိုဟ်ခဲ့ရသူဖြစ်သည်။

ဘောမန်း၏ လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းနှင့်ပတ်သက်၍ ကင့်ပကားသည် ၁၉၄၆ ခုနှစ်ကတစ်ကြိမ်၊ ၁၉၅၀ ပြည့်နှစ်တွင်တစ်ကြိမ် ဖော်ထုတ်တင်ပြခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် နျူရင်ဘတ် စစ်ခုံရုံး၌ အစစ်ခံ ခဲ့ခြင်းဖြစ်၍ ၁၉၅၀ ပြည့်နှစ်တွင်မူ သူကိုယ်တိုင်ရေးသားသည့် စာအုပ်ထဲတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကင့်ပကားသည် နျူရင်ဘတ်စစ်ခုံရုံးတွင် သက်သေအဖြစ် အစစ်ခံခဲ့ရသည်။ ပျောက်ဆုံးနေ သော ဘောမန်းနှင့်စပ်လျဉ်း၍ ၁၉၄၆ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်အရုဏ် တက်ချိန်က စပရီးမြစ်ကမ်းဘေးတွင် မြင်တွေ့ခဲ့ရသမျှ ရုံးတော်တွင်

mgyoe.com

mgyoe.com

အောက်ပါအတိုင်း သူက ထွက်ဆိုသွားခဲ့သည်။

**ကင့်ပကား။** အဲဒီအချိန်မှာ ရုတ်တရက် မီးရောင်တစ်ခု ဝင်းခနဲ လက်ခနဲ လက်သွားပြီး တစ်စက္ကန့်ရဲ့ အစိတ်အပိုင်းအတွင်းမှာပဲ ကျွန်တော် မြင်လိုက် ...

**တရားသူကြီး။** ။ အမြောက်ဆန်ထိပြီး ပေါက်ကွဲတဲ့အချိန်မှာ မောင်မင်းဟာ တင့်ကားနဲ့ ဘယ်လောက်နီးနီးမှာ ရှိနေခဲ့သလဲ။

**ကင့်ပကား။** ။ သုံးမီတာ လေးမီတာလောက်ပဲ ရှိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

**တရားသူကြီး။** ။ ဘောမန်းကော .. ဘယ်လောက်နီးနီးမှာ ရှိနေသလဲ။

**ကင့်ပကား။** ။ ကျွန်တော် မှတ်မိသလောက် အဲဒီအချိန်မှာ သူဟာ တင့်ကားကို လက်တစ်ဖက်နဲ့ကိုင်ရင်း အားပြုပြီးလျှောက်လာတာ တွေ့ရပါတယ်၊ အဲဒီ မာတင်ဘောမန်း ကိုင်လာတဲ့နေရာမှာပဲ တင့်ကားကို တိုက်ရိုက်ထိမှန်ပြီး ပေါက်ကွဲသွားပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း ဆောကို လွင့်စဉ်သွားပါတယ်၊

**တရားခံရှေ့နေ။** ။ အဲဒီလိုထိမှန်ပြီး ပေါက်ကွဲသွားတဲ့အချိန်မှာ ဝင်းခနဲလက်သွားတဲ့မီးရောင်နဲ့ မာတင်ဘောမန်း လဲကျသွားတာ မြင်လိုက်ရသလား၊

**ကင့်ပကား။** ။ ဟုတ်ကဲ့၊ သေသေချာချာ မြင်လိုက်ရပါတယ်၊ အဲဒီလို လဲကျသွားတဲ့ အနေအထားမျိုးကို ကောင်းကောင်းမြင်လိုက်ရပါတယ်၊ လူတစ်ကိုယ်လုံး ပြောက်တက်သွားတဲ့ သဘောမျိုးလို့တောင် ဆိုနိုင်တယ်၊

**တရားခံရှေ့နေ။** ။ အခု မောင်မင်းရဲ့ တိတိကျကျ မှတ်သားမိတဲ့ ထွက်ချက်အရ ဒီပေါက်ကွဲမှုဟာ အင်မတန် ပြင်းထန်တဲ့အတွက် မာတင်ဘောမန်းဟာ ဒီပေါက်ကွဲမှုကြောင့် မုချသေမှာပဲလို့ ဆိုလိုတာလား။

**ကင့်ပကား။** ။ ဟုတ်ပါတယ်။

နျူရင်ဘတ် စစ်ခုံရုံးတွင် ဘောမန်းနှင့်ပတ်သက်၍ အထက်ပါအတိုင်း အတိုချုံး၍ ထွက်ဆိုသွားခဲ့သော ကင့်ပကားသည် ၁၉၅၀ ပြည့်နှစ်တွင် သူကိုယ်တိုင်ရေးခဲ့သောစာအုပ်တွင် သည့်ထက်ပို၍ ပြည့်စုံစွာ အသေးစိတ် ရေးသားဖော်ပြခဲ့သည်။ အဆိုပါစာအုပ်၏အမည်မှာ 'ဟစ်တလာကို

mgyoe.com

ကျွန်ုပ်မီးသင်္ဂြိုဟ်ခဲ့စဉ်က’ ဖြစ်၍ အနောက်ဂျာမနီ မြူးနစ်မြို့တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၄၅၊ မေလ ၂ ရက်နေ့နံနက် အရုဏ်တက်အချိန်က တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းလှသော အဖြစ်အပျက် အတွေ့အကြုံများကို ကင့်ပကားက သူ့စာအုပ်တွင် အောက်ပါအတိုင်း အသေးစိတ်ရေးသားဖော်ပြခဲ့သည်။

အမှောင်ထုမှာ ပို၍ ကြီးမားလာပါသည်။

‘အစုလိုက်ခွဲထားသော အုပ်စုများသည် အိမ်တော်ထဲမှ ထွက်ခွာခဲ့ကြပါသည်။ လူသူကင်းရှင်းနေသော ဝီလျံပန်းခြံကြီးကို ခပ်မြန်မြန် ခပ်သုတ်သုတ် ဖြတ်လာခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် မြေအောက်မီးရထားလမ်းရှိရာ ဥမင်လိုဏ်ခေါင်းထဲသို့ ဆင်းခဲ့ကြပါသည်။ ထို့နောက် ဖရိုက်ဒရစ် လမ်းမကြီးဘက်ဆီသို့ သွားရာလမ်းကြောင်းအတိုင်း လိုက်လာခဲ့ကြရာ နှစ်နာရီခန့်အကြာတွင် ဖရိုက်ဒရစ်လမ်း ဘူတာရုံသို့ ရောက်လာခဲ့ကြပါသည်။’

‘ထိုနေရာသို့အရောက်တွင် ကျွန်ုပ်မှာ ကြက်သီးမွေးညင်းထဖွယ်ရာများကို မြင်တွေ့လိုက်ရပါသည်။ ပြင်းထန်လှသည့် ဒဏ်ရာများဖြင့် သေလုမြောပါးဖြစ်နေကြသည့် စစ်သားများမှာ ပြုစုစောင့်ရှောက်မည့်သူ မရှိဘဲ ဖြစ်နေကြပါသည်။ စစ်ပြေးဒုက္ခသည်များကိုလည်း နံရံများကို မှီ၍လည်းကောင်း၊ လှေကားထစ်များပေါ်တွင်လည်းကောင်း၊ ပလက်ဖောင်းစင်္ကြံများပေါ်တွင်လည်းကောင်း တုံးလုံးပက်လက် လဲနေကြသည်ကို တွေ့မြင်ရပါသည်။ များသောအားဖြင့် သူတို့တစ်တွေမှာ မျှော်လင့်ချက်ကင်းမေး၍ ပြေးပေါက်မရှိတော့ဘဲ ဖြစ်နေကြပါသည်။ မိမိပတ်ဝန်းကျင်တွင် ဘာဖြစ်နေသည်ကိုပင် ဂရုမထားနိုင်ကြတော့ဘဲ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟူ၍ သဘောထားနေကြဟန်တူပါသည်။

‘ကျွန်ုပ်သည် မြောက်ဘက်ဆီသို့ ဖောက်ထွက်၍ ဖြစ်နိုင်၊

mgyoe.com

mgyoe.com


မဖြစ်နိုင် စုံစမ်းကြည့်ရန် ဘူတာရုံမှ ထွက်လာခဲ့ပါသည်။ ကျွန်ုပ်အား ပေးအပ်ထားသည့်အမိန့်မှာ လူပေါင်း ၁၀၀ ခန့်ပါဝင်သည့် ကျွန်ုပ်၏အုပ်စုကို ဖာဘဲလင်းရပ်ကွက်အထိ ခေါင်းဆောင်၍ ခေါ်သွားရန်ဖြစ်ပါသည်။ ရရှိထားသည့် သတင်းများအရဆိုပါက ထိုနေရာတွင် ယခုအချိန်အထိ ခုခံတိုက်ခိုက်နေကြသည့် ဂျာမန်တပ်များရှိနေသည်ဟု ဆိုပါသည်။

'ဝိုက်ဒင်ဒမ်းမားရပ်ကွက်မှ ကိုက်အနည်းငယ်ခန့်အကွာတွင် လမ်းမှာ အခက်အခဲ အတားအဆီးများဖြင့် ပိတ်ဆို့နေသည်ကို တွေ့ရပါသည်။ ထိုနေရာတစ်ဝိုက်တွင် အမြောက်ဆန်များ အဆက်မပြတ် ကျရောက်ပေါက်ကွဲနေပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လုံးဝ လူသူကင်းမဲ့နေပါသည်။ ခံကတုတ်တစ်ခု၏ နောက်ပိုင်းတွင် ကျန်ရစ်ခဲ့ကြသည့် စစ်သားများ၏ သတင်းပေးပို့ချက်အရ ဂျာမန်တပ်ခွဲများသည် ထိုနေရာမှဖောက်ထွက်ရန် ကြိုးစားခဲ့ကြ၍ အချို့တပ်ဖွဲ့များမှာ အကျအဆုံးများစွာဖြင့် တပ်လန်၍ ပြန်ဆုတ်လာခဲ့ ကြရသည်ဟု သိရပါသည်။

'ခံကတုတ်ပေါ်မှကျော်၍ မသိမသာလှမ်းကြည့်လိုက်ရာ ထိုစစ်သားများ၏ ပြောကြားချက်မှာ အမှန်ပင်ဖြစ်ကြောင်း ကျွန်ုပ်သဘောပေါက်လိုက်မိပါသည်။ လမ်းမကြီးတစ်လျှောက်လုံး မည်းနက်နေသည့် လူသေအလောင်းများနှင့် ဒဏ်ရာရသူများမှာ တစ်ယောက်အပေါ်တစ်ယောက် ထပ်လျက် အရိပ်မည်းကြီးများပမာ ဖြစ်နေကြပါသည်။ မြင်ကွင်းမှာ တကယ့်ကြောက်မက်ဖွယ်ရာပင်ဖြစ်ပါသည်။

'ရန်သူသည် ဖရိုက်ဒရစ်လမ်းမကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်နိုင်ရန်အတွက် ဖိုက်ဂျဲလ် လမ်းပေါ်မှနေ၍ အင်အားကောင်းလှသော မီးကျည်များကို ပစ်လွှတ်နေပါသည်။ စစ်သားများ၏ ပြောကြားချက်အရ ရုရှားတပ်သားများသည် ဖရိုက်ဒရစ်လမ်းမကြီးပေါ်မှ အိမ်များနှင့် အဆောက်အဦများအတွင်း နေရာယူ၍

mgyoe.com

mgyoe.com


အင်အားဖြည့်တင်းထားကြသည်ဟု သိရပါသည်။ သူတို့သည် ထိုနေရာများမှနေ၍ လမ်းမပေါ်တွင် မည်းမည်းမြင်သမျှကို စက်သေနတ်ကြီးများ၊ စက်သေနတ်ကလေးများဖြင့် အလစ်မပေးဘဲ ပစ်ချနေကြပါသည်။

'ကျွန်ုပ်သည် ကျွန်ုပ်၏တပ်သားများကို ထိုနေရာတွင် စုလိုက်ပြီးနောက် (ဖရိုက်ဒရစ်လမ်းပေါ်မှ) 'အက်ဒ်မိုင်ရယ်ဇာတ်ရုံ' ကို အမြဲတမ်း 'စုရပ်' အဖြစ် သတ်မှတ်လိုက်ကြောင်း ပြောကြားလိုက်ပါသည်။ ထို့ပြင် ကျွန်ုပ်၏အုပ်စုထဲမှ မည်သူမဆို ဤနေရာမှ ဖောက်ထွက်မည့် အခြားအုပ်စုတစ်ခုခုနှင့် သွားရောက်ပူးပေါင်းနိုင်ခွင့်ရှိကြောင်းကိုပါ ကြေညာလိုက်ပါသည်။

'နံနက် ၂–နာရီလောက်တွင် လူတော်တော်များများ ကျွန်ုပ်ရှိရာသို့ ရောက်လာကြပါသည်။ သည်လူစုထဲတွင် ဘောမန်းကို ကျွန်ုပ် ကောင်းကောင်းမှတ်မိပါသည်။ သူသည် ထိုအချိန်က လုံခြုံရေးတပ်မှူးကြီး ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားပါသည်။ သူနှင့် ပါလာကြသူများထဲတွင် ဒေါက်တာ နောမန်း၊ ဂိုးဘဲလ်၏ လက်ထောက်လုံခြုံရေးတပ်မှူး ရှာဝေဂါမန်းနှင့် ဒေါက်တာစတန့်ဖက်ဂါတို့ကိုလည်း ကျွန်ုပ် တွေ့ရပါသည်။ သူတို့တစ်တွေသည် အိမ်တော်မှ ကျွန်ုပ်တို့ထက် နောက်ကျ၍ ထွက်ခွာလာကြသူများဖြစ်ပါသည်။

'ထို့နောက် ဘောမန်း၊ ဒေါက်တာ နောမန်းနှင့် ကျွန်ုပ်တို့သုံးယောက်သား အခြေအနေကို တိုင်ပင်ဆွေးနွေးကြပါသည်။

'ဘောမန်းက ဤနေရာမှ ဖောက်ထွက်ရန်အတွက် တင့်ကားများကို အသုံးပြုရမည်ဖြစ်ကြောင်း ပြောလာပါသည်။ ဤတွင် ကျွန်ုပ်က ဤနေရာတစ်ဝိုက်တွင် တင့်ကား တစ်စီးမှ ရှာ၍ရနိုင်မည်မဟုတ်ကြောင်း ပြန်ပြောလိုက်ပါသည်။

'သို့ရာတွင် ထိုအခိုက်အတန့်မှာပင် ရုတ်တရက် အံ့ဩဖွယ်ရာဖြစ်လာပါသည်။ တင့်ကားမောင်းလာသည့်အသံများ တဖြည်းဖြည်း

mgyoe.com

mgyoe.com


ဖြည်း နီးသည်ထက်နီးလာသည်ကို ကျွန်ုပ်တို့အားလုံး ကြားလိုက်ရပါသည်။ ခဏအကြာတွင် 'တီ-၄' တင့်ကား ၃ စီးနှင့် သံချပ်ကာကား ၃ စီးတို့ကို မြင်လိုက်ရသောအခါ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များမှာ တစ်ဟုန်ထိုး ကြီးမားလာပါတော့သည်။

'ကျွန်ုပ်သည် ပထမတင့်ကား၏ တာဝန်ခံတပ်မှူးကို လှမ်း၍ ခေါ်လိုက်ရာ ထိုတပ်မှူးက သူ့ကိုယ်သူ 'လုံခြုံရေးတပ်မှူး ဟန်ဆင်' ဖြစ်ကြောင်း သတင်းပို့ပါသည်။ ဤတင့်ကားများမှာ နော့ဒ်လင်း တပ်မကြီးမှ မပျက်မစီးဘဲ ကျန်ရှိနေသည့်တင့်ကားများဖြစ်၍ အမိန့်အရ မြောက်ဘက်သို့ ဆုတ်ခွာလာခဲ့ကြခြင်းဖြစ်ကြောင်း သိရပါသည်။

'တင့်ကားတပ်မှူး ဟန်ဆင်အား ရန်သူတပ်များကို ဖောက်ထွက်မည့် ကျွန်ုပ်၏အကြံအစည်ကို ပြောပြပြီးနောက် ကျွန်ုပ်တို့လူစုကို အကာအကွယ်ပေးသည့်အနေဖြင့် တင့်ကားများကို ခပ်ဖြည်းဖြည်းမောင်းရန် ကျွန်ုပ်က အမိန့်ပေးလိုက်ပါသည်။ ကျွန်ုပ်တို့သည် ဤနည်း ဤပုံဖြင့် ဖိုက်ဂျဲလ် လမ်းဘက်ဆီသို့ ချီတက်သွားကြမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် တင့်ကားများ၏ဘေးမှနေ၍ အရိပ်မည်းကြီးများပမာ ရှေ့သို့ ချီတက်ထွက်ခွာလာခဲ့ကြပါသည်။ ဘောမန်းနှင့် ဒေါက်တာနော့မန်းတို့သည် တင့်ကား၏ လက်ဝဲဘက်မှနေ၍ စက်အမြောက်နှင့် ဘေးချင်းယှဉ်ကာ လမ်းလျှောက်လာကြပါသည်။ ဒေါက်တာ စတန့်ဖက်ဂါနှင့် ကျွန်ုပ်တို့နှစ်ယောက်က သူတို့နောက်မှ လိုက်လာခဲ့ကြပါသည်။

'ထိုအချိန်တွင် ကျွန်ုပ်တို့၏သွေးကြောများမှာ တစ်စုံတစ်ခု၏ ထိန်းချုပ်ထားခြင်းကို ခံရသလိုဖြစ်နေပါသည်။ ကျွန်ုပ်တို့အားလုံး အတွက် ဤအချိန်သည် 'သေရေးရှင်ရေး' အချိန်ပင်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိနေကြပါသည်။ ထိုအခိုက်မှာပင် ရန်သူက ရုတ်တရက် အမြောက်ဖြင့် ပြင်းထန်စွာ စတင်ပစ်လိုက်ပါသည်။

mgyoe.com

mgyoe.com


တစ်စက္ကန့်လောက်အကြာတွင် ရောမမီးတောက်ကြီးတစ်ခု ကျွန်ုပ်တို့တင့်ကားမှ ဝုန်းခနဲ ထ၍ တောက်လောင်ပါတော့သည်။ ကျွန်ုပ်တို့၏ရှေ့မှ ဘောမန်းနှင့် ဒေါက်တာနောမန်းတို့မှာ တင့်ကားကို အမြောက်ဆန်ထိမှန်၍ ပေါက်ကွဲမှုဒဏ်ကြောင့် ကိုင်ရိုက်လိုက်သလို လဲကျသွားကြပါသည်။

'ကျွန်ုပ်သည်လည်း ရုတ်တရက် လဲကျသွားခဲ့ရာ ဒေါက်တာစတန့်ဖက်ဂါက ကျွန်ုပ်ကိုယ်ပေါ်သို့ ထပ်၍ လဲကျပြန်ပါသည်။ ကျွန်ုပ်မှာ မြေပေါ်သို့ အရှိန်ပြင်းစွာဖြင့် လဲကျသွားခဲ့သည်ဖြစ်ရာ လုံး၀ သတိမရတော့ဘဲ မေ့မြောသွားပါတော့သည်။

'အချိန်မည်မျှကြာအောင် သတိမေ့နေသည်ကို ကျွန်ုပ် မသိလိုက်ပါ။ ပြန်၍ သတိရလာသောအခါတွင်မူ ပြင်းထန်စွာ ပေါက်ကွဲ၍ ကြီးမားစွာ ဖြစ်ပေါ်လာသော ရောမစူးရှသည့် အလင်းရောင်ကြောင့် ကျွန်ုပ်မျက်လုံးများမှာ ဘာကိုမှ မမြင်ရတော့ဘဲ ဖြစ်နေပါသည်။ ကျွန်ုပ်၏စိတ်ထဲတွင် ထာ၀စဉ် စုံလုံးကန်းသွားပြီဟူ၍ပင် ရုတ်တရက် ထင်လိုက်မိပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘေးပတ်ဝန်းကျင်ကို လက်ဖြင့် မမြင်မကန်း စမ်းကြည့်လိုက်မိပါသည်။ ထိုအချိန်တွင် ကျွန်ုပ်မှာ သတိကောင်းကောင်း ပြန်၍ရလာပြီဖြစ်ပါသည်။

'ကျွန်ုပ်၏ စိတ်အထင်အားဖြင့် ပေါက်ကွဲမှု၏အရှိန်ကြောင့် ကျွန်ုပ်မှာ လွင့်စဉ်သွားပြီး အဆောက်အဦပျက်တစ်ခုအတွင်းသို့ ကျသွားခဲ့ဟန်တူပါသည်။ သို့သော် ထိုအချိန်အထိ ကျွန်ုပ်၏ မျက်စိများမှာ ဘာကိုမှ မမြင်ရသေးပါ။ သို့ဖြင့် လက်နှစ်ဖက်ကို အားပြုကာ တဖြည်းဖြည်း လေးဖက်ထောက်၍လာခဲ့ရာ ကိုက်ငါးဆယ်ခန့်အရောက်တွင် ကျွန်ုပ်၏ရှေ့မှ တစ်စုံတစ်ခု ကာဆီးနေသည်ကို တွေ့လိုက်ရပါသည်။

'ကျွန်ုပ်သည် လက်နှစ်ဖက်ဖြင့် စမ်းကြည့်လိုက်ရာ အုတ်နံရံတစ်ခုဖြစ်နေသည်ကို တွေ့ရပါသည်။ ကျွန်ုပ်၏စိတ်ထဲတွင် ဤ

mgyoe.com

mgyoe.com


အုတ်နံရံမှာ တင့်ကားများကို ပိတ်ဆို့တားဆီးထားသည့် အကာအကွယ်တစ်ခုဖြစ်ရမည်ဟု ယူဆလိုက်မိပါသည်။ သို့ဖြင့် ထိုနေရာမှာပင် အတော်ကလေးကြာအောင် အနားယူနေမိပါသည်။ ခဏအကြာတွင် ကျွန်ုပ်မျက်စိများသည် တဖြည်းဖြည်းပြန်၍ မြင်လာပါတော့သည်။ ထိုခဏမှာပင် ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသောလူတစ်ယောက်ကို လှမ်းမြင်ရပါသည်။ ထိုလူသည် ကျွန်ုပ်အနားသို့ရောက်လာရာ ဟစ်တလာ၏ လက်ထောက်လေယာဉ်မှူး ဂျော့ဘိဇ်ဖြစ်နေသည်ကို တွေ့ရပါသည်။ သူသည် ကျွန်ုပ်တို့နှင့်အတူခပ်စောစောက ဤနေရာမှ ဖောက်ထွက်ရန် ကြိုးစားခဲ့ကြသည့်လူစုထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ ကျွန်ုပ်သည်သူ့ကို သတိထား၍ကြည့်လိုက်မိရာ ထိတ်လန့်တကြား ဖြစ်သွားမိပါသည်။ အဘယ့်ကြောင့်ဆိုသော် အမြောက်ဆန်မှ သံတိုသံစတစ်ခု ထိမှန်ထားသဖြင့် သူ့ဦးခေါင်းတွင် နဖူးမှ လည်ပင်းအထိ ဟက်တက်ကွဲနေသော ဇရာမဒဏ်ရာကြီးကို သွေးသံရဲရဲဖြင့် တွေ့မြင်လိုက်ရသောကြောင့်ဖြစ်ပါသည်။

'သူက သူရရှိသော ဒဏ်ရာမှာ တင့်ကားကို အမြောက်ဆန်ထိမှန်၍ ပေါက်ကွဲရာမှ ရရှိခဲ့ဟန်တူသည်ဟု ပြောပြပါသည်။ ထိုပေါက်ကွဲမှုမှာ ကျွန်ုပ်တို့လေးယောက်စလုံး လွင့်စဉ်လဲကျသွားအောင်ဖြစ်ခဲ့ရသည့် ပေါက်ကွဲမှုပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့လေးယောက်ဆိုသည်မှာ ဘောမန်း၊ နောမန်း၊ စတန့်ဖက်ဂါနှင့် ကျွန်ုပ်ပင်ဖြစ်ပါသည်။'

ဤသည်တို့မှာ ပျောက်ဆုံးနေသော ဘောမန်းနှင့်ပတ်သက်၍ ကင့်ပကား၏စာအုပ်တွင် ရေးသားဖော်ပြခဲ့သမျှ အဖြစ်အပျက် အချက်အလက်များပင်ဖြစ်ပါသည်။

ဤနေရာတွင် ၁၉၄၆ ခုနှစ်က နျူရင်ဘတ်စစ်ခုံရုံးတွင် ထွက်ဆိုခဲ့သော ကင့်ပကား၏ ထွက်ဆိုချက်နှင့် ယခု ၁၉၅၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော ကင့်ပကား၏ စာအုပ်ပါ ရေးသားချက်များမှာ ဖြစ်ရပ်ချင်းတူသော်

mgyoe.com

mgyoe.com


လည်း သုံးသပ်တင်ပြချက်များမှာ မသိမသာ ခြားနားနေသည်ကို သတိပြုရန်လိုသည်။

ချူရင်ဘတ်စစ်ခုံရုံးတွင် ထွက်ဆိုခဲ့စဉ်က ဘောမန်းသည် ဂျာမန်တင့်ကားကို ဆိုဗီယက်အမြောက်ဆန် ထိမှန်ပေါက်ကွဲခဲ့ရာ၌ အပြင်းအထန်ဒဏ်ရာရ၍ 'သေဆုံးခဲ့ပြီ' ဟူသောသဘောမျိုးပါရှိခဲ့သည်။ သို့သော် ယခု 'ဟစ်တလာကို ကျွန်ုပ် မီးသဂြိုဟ်ခဲ့စဉ်က' ဟူသော စာအုပ်တွင်မူ ဆိုဗီယက်အမြောက်ဆန် ထိမှန်၍ ပေါက်ကွဲသွားသော ဂျာမန်တင့်ကားဘေးတွင် ဘောမန်း လွင့်စဉ်လဲကျသွားသည်ကို မြင်လိုက်ရသည်ဟူ၍သာ ကင့်ပကားက ရေးသားဖော်ပြခဲ့သည်။ 'ဘောမန်းသေပြီ' ဟူ၍ အတိအကျမရေးခဲ့။ မရေးခဲ့ရုံမျှမက ကင့်ပကားသည် နောက်ပိုင်း၌ ဘောမန်းနှင့်ပတ်သက်လာလျှင် ထိုနေ့က ထိုနေရာတွင် ဘောမန်းအား 'နောက်ဆုံးတွေ့မြင်ရခြင်းဖြစ်သည်' ဟူ၍ပင် မရေမရာ ပြောလာပြန်သည်။

ဘောမန်း၏ဇာတ်လမ်းသည် လျှို့ဝှက်ဆန်းကြယ်သည်။

မီးဟုန်းဟုန်းတောက်လောင်၍ အမြောက်သံများဖြင့် ဆူညံနေသော ဘာလင်မြို့ကြီးမှ ထွက်ပြေးရန် ကြိုးစားခဲ့ကြပုံများနှင့်ပတ်သက်၍ ကင့်ပကား၏ပြောကြားချက်များမှာ ဘောမန်း၏ လျှို့ဝှက်ဇာတ်လမ်းမှ နိဒါန်းမျှသာဖြစ်သည်။

❑

mgyoe.com

mgyoe.com

# ပြောရေးဆိုခွင့် ရှိသူများ

ကောင်းပြီ။ အထက်ပါတို့မှာ ကင့်ပကား တစ်ဦးတစ်ယောက်တည်း၏ ပုဂ္ဂလိကတင်ပြချက်နှင့် ပုဂ္ဂလိကယူဆချက်များသာ ဖြစ်သည်။ ဤတင်ပြချက်နှင့် ယူဆချက်များကို ခေတ္တခဏ ဘေးဖယ်ထား၍ အခြားအခြားသော ပုဂ္ဂိုလ်များ၏ တင်ပြချက်များနှင့် ယူဆချက်များကို လေ့လာဆန်းစစ်ကြည့်ပါက ပို၍မသင့်တော်ပါသလော။

မှန်သည်။ ထိုနေ့ ထိုရက် ၁၉၄၅ ခု၊ မေလ ၁ ရက်နေ့နှင့် ၂ ရက်နေ့ အကူးည သန်းခေါင်ကျော် လင်းအားကြီးချိန်တွင် ဟစ်တလာ၏ ပုန်းကျင်းထဲမှ ထွက်ပြေးခဲ့ကြသူများတွင် မာတင်ဘောမန်းနှင့်အတူ ကင့်ပကားအပြင် အခြားသောပုဂ္ဂိုလ်များလည်း အများအပြား ပါဝင်ခဲ့ကြသည်။ ဥပမာ–ဟစ်တလာ၏ လေယာဉ်မှူးချုပ် ဟန့်စ်ဘောယား ...

ဤတွင် ဘောယား၏အဆိုအမိန့်မှာ ကင့်ပကား၏ တင်ပြယူဆချက်များနှင့် လုံးဝကွဲပြား ခြားနားနေသည်ကို တွေ့ကြရသည်။ အဓိကခြားနားချက်မှာ ကင့်ပကားက ဘောမန်းသည် ဂျာမန်တင့်ကားကို ဆိုဗီယက်အမြောက်ဆန်ထိမှန်၍ ပေါက်ကွဲခဲ့စဉ်က ဒဏ်ရာပြင်းထန်စွာရပြီး သေဆုံးခဲ့ပြီဟူ၍ တင်ပြယူဆခဲ့သော်လည်း ဘောယားကမူ ဘောမန်းသည် တင့်ကားကိုထိမှန်၍ ပေါက်ကွဲခဲ့စဉ်က လုံးဝမသေဘဲ ဆက်လက်ထွက်ခွာလာခဲ့ပြီး အခြားတစ်နေရာရောက်မှ သေနတ်မှန်၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟူသော

mgyoe.com

mgyoe.com

အချက်ပင်ဖြစ်သည်။

အောက်ပါတို့မှာ ဘောယားဏ်တင်ပြချက်များပင်ဖြစ်သည်။

'ကျွန်ုပ်တို့သည် ဝိုလ်ဒင်ဒမ်းမားရပ်ကွက်သို့ ရောက်ရှိလာခဲ့ကြရာ ထိုနေရာတွင် ရုရှားတို့၏ ပစ်ခတ်မှုများရှိနေသည်ကို တွေ့ရပါသည်။ ကျွန်ုပ်သည် ဘောမန်းအား 'ရှစ်ဘွာဒမ်' ခံကတုတ်နှင့် ဖရိုက်ဒရစ်လမ်းထောင့်တွင် ကျွန်ုပ်ပြန်လာသည်အထိ စောင့်နေရန် မှာထားခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်သည် ထိုနေရာမှ ဖောက်ထွက်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာစုံစမ်းရန် ထွက်လာခဲ့ပါသည်။ သုံးနာရီလောက်တွင် ကျွန်ုပ်ပြန်ရောက်လာပြီး ရုရှားတို့၏ သဲကြီးမဲကြီး ပစ်ခတ်နေမှုများကြောင့် ထိုနေရာမှဖောက်ထွက်ရန် အတော်ခဲယဉ်းကြောင်း ဘောမန်းအား ပြောပြပါသည်။

'သို့ဖြင့် ကျွန်ုပ်သည် ဘောမန်းအား ဖရိုက်ဒရစ်လမ်းမကြီးထောင့်တစ်နေရာမှ ပြိုကျပျက်စီးနေသော အဆောက်အဦတစ်ခု၏ ဆင်ဝင်အောက်တွင် အကာအကွယ်ယူနေရန် ပြောကြားခဲ့ပါသည်။ ထိုနေရာမှလှမ်းကြည့်လျှင် လမ်းမကြီးတစ်လျှောက်လုံးကို အလွယ်တကူမြင်နိုင်ပါသည်။ ဘောမန်းသည် ထိုနေရာတွင် အတော်ကလေးကြာအောင် စောင့်နေပါသည်။ ဤအတောအတွင်း ကျွန်ုပ်သည် အပစ်အခတ် အခုအခံမရှိဘဲ ဖောက်ထွက်နိုင်မည့်နေရာကို ရှာရန် ထွက်ခဲ့ရပြန်ပါသည်။

'ကျွန်ုပ်သည် ဗိုက်ဂျဲလ်လမ်းမကြီးထိရောက်အောင် သွားခဲ့ပါသည်။ သို့သော် ထိုနေရာတွင်လည်း ရုရှားတပ်သားများဖြင့် တင်းကျပ်းပြည့်နေသည်ကို တွေ့ရပါသည်။ နောက်နှစ်နာရီခန့်အကြာတွင် ကျွန်ုပ်သည် မူလနေရာသို့ ပြန်ရောက်လာခဲ့ရာ ဘောမန်းက ကျွန်ုပ်အား သူနှင့်အတူနေရန် ပြောပါသည်။ သူ့ကို အကူအညီပေးနိုင်မည့်သူမှာလည်း ကျွန်ုပ်တစ်ယောက်တည်းသာ ရှိသောကြောင့်ဖြစ်ပါသည်။ သို့ဖြင့် ကျွန်ုပ်တို့သည် ဗိုက်ဂျဲလ်လမ်းနှင့် ဖရိုက်ဒရစ်လမ်းတို့ဆုံရာ လမ်းထောင့်သို့ ထွက်လာခဲ့ကြပါ

mgyoe.com

mgyoe.com


သည်။

'ကျွန်ုပ်သည် ဘောမန်းနှင့်အတူ ပျက်စီးနေသော ဆင်ဝင်တစ်ခုဆီသို့ရောက်အောင် လာခဲ့ကြပါသည်။ ထိုနေရာသို့ အရောက်တွင် အဆောက်အဦဝင်းထဲမှ ပစ်ခတ်သံများ ကြားရပါသည်။ ကျွန်ုပ်သည် အဆောက်အဦ၏ ပထမအထပ်သို့ တက်ကြည့်ရာ အဆောက်အဦဝင်းထဲတွင် ရုရှားတပ်သား ၂၀ ခန့် ရောက်နေသည်ကို တွေ့မြင်ရပါသည်။ သို့ဖြင့် ကျွန်ုပ်သည် ဘောမန်းရှိရာ အောက်သို့ပြန်ဆင်းလာခဲ့ပြီး ဝင်းထဲတွင် ရုရှားတပ်သားများ ရောက်နေကြောင်း သူ့အား ပြောပြပါသည်။ ထိုအချိန်တွင် ရုရှားတပ်သားများသည် ကျွန်ုပ်တို့အား ဖမ်းဆီးမည်ဆိုပါက အဆောက်အဦ၏ အဝင်တံခါးဝသို့ လာလိုက်ရုံသာရှိပါသည်။

'ထိုစဉ်က ကျွန်ုပ်နှင့်အတူရှိနေသူများမှာ နိုင်ငံတော်အတွင်းဝန် နောမန်း၊ ဒေါက်တာစတန့်ဖက်ဂါနှင့် ဘောမန်းတို့ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ကိုယ့်ထွက်ပေါက် ကိုယ်ရှာရန်သာရှိပါတော့သည်။ ဒေါက်တာနောမန်းသည် ရှေ့ဆုံးမှထွက်လာခဲ့ရာ သူ့နောက်မှ ခြေနှစ်လှမ်းခန့်အကွာတွင် ဘောမန်းက လိုက်လာခဲ့ပါသည်။ ဘောမန်းနောက်မှ ဒေါက်တာစတန့်ဖက်ဂါက ခြေလှမ်းနှစ်ဆယ်ခန့်ခွာပြီး ကျွန်ုပ်က နောက်ဆုံးမှ လိုက်လာခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဖြစ်စက်ရုံသို့အရောက်သွားမည်ဟု ရည်ရွယ်ကာ ဗိုက်ဂျဲလ်လမ်းမကြီးကိုဖြတ်၍ အရှေ့ဘက်ဆီသို့ အပြေးအလွှား လာခဲ့ကြပါသည်။ ထိုအချိန်မှာပင် ရုရှားတပ်သားများသည် ကျွန်ုပ်တို့ရှိရာသို့ ရိုင်ဖယ်များ၊ စက်သေနတ်များဖြင့် အဆက်မပြတ် ပစ်ခတ်ကြပါတော့သည်။ ဗိုက်ဂျဲလ်လမ်းမကြီးပေါ်တွင် သေဆုံးသူများနှင့် ဒဏ်ရာရသူများမှာ ပြန့်ကျဲနေပါသည်။

'သို့ဖြင့် တက္ကသိုလ်ဆေးပေးခန်း အဆောက်အဦရှိရာသို့ ရောက်လုဆဲဆဲတွင် ကျွန်ုပ်သည် ဘောမန်းနှင့် စတန့်ဖက်ဂါတို့ကို လှမ်းခေါ်လိုက်ပါသည်။ သို့သော် သူတို့ထံမှ ဘာသံမျှ မကြား

mgyoe.com

mgyoe.com


ရပါ။ ဤတွင် ဘောမန်းသည် ဗိုက်ဂျဲလ်လမ်းမပေါ်တွင် ထိမှန်၍ သေဆုံးခဲ့ဟန်တူပါသည်။ ဒေါက်တာနောမန်းတစ်ဦးတည်းသာ လွတ်မြောက်လာခဲ့၍ ဒေါက်တာစတန့်ဖက်ဂါမှာ ကျဆုံးခဲ့ရပြီး ကျွန်ုပ်မှာလည်း ဒဏ်ရာပြင်းထန်စွာ ရခဲ့ပါသည်'

ဟစ်တလာ၏ လေယာဉ်မှူးချုပ်ဖြစ်သူ ဟန်စ်ဘောယား၏ အထက်ပါတင်ပြချက်များအရ ဘောမန်းသည် တင့်ကားပေါက်ကွဲသည့် နေရာတွင် မသေမပျောက်ဘဲ ဘောယားတို့နှင့်အတူ ဆက်လက်ထွက်ခွာလာခဲ့ရာမှ ဗိုက်ဂျဲလ်လမ်းမပေါ်တွင် ဆိုဗီယက်တပ်သားများ၏ ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်ဟု ယူဆရမလိုဖြစ်နေပြန်သည်။

သို့ဖြစ်ရာ ကင့်ပကားနှင့် ဘောယားတို့သည် ဘောမန်းသေဆုံးပြီဟူသော ယူဆချက်တွင် ထပ်တူထပ်မျှ ဖြစ်နေသော်လည်း သေဆုံးသည့်နေရာနှင့် သေဆုံးရသည့် ဒဏ်ရာများတွင်မူ တစ်ယောက်နှင့်တစ်ယောက် မတူဘဲ ကွဲပြားခြားနားနေကြသည်ကို တွေ့ရသည်။

တစ်ဖန် သူတို့နှစ်ယောက်စလုံးနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည့် အဖြစ်အပျက်နှင့် အချက်အလက်များကို အတိအလင်း ဖော်ထုတ်တင်ပြလာသူတစ်ဦး ရှိသေးသည်။ ထိုပုဂ္ဂိုလ်မှာ အခြားသူမဟုတ်။ ထိုစဉ်က ဘောမန်းနှင့် အတူတကွ သေပြေးရှင်ပြေး ပြေးကြရာတွင် အုပ်စုတစ်စုတည်း ပါဝင်ခဲ့သည့် အထက်ဖော်ပြပါ ဒေါက်တာနောမန်းပင်ဖြစ်ပါသည်။

၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဒေါက်တာနောမန်းသည် အောက်ပါအတိုင်း ပြောပြခဲ့သည်။

'ကျွန်တော်ဟာ ဝိုလ်ဒင်ဒမ်းမားရပ်ကွက်ကို ပြန်သွားခဲ့ပါတယ်၊ (ထိုအချိန်တွင် တင့်ကားပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးပြီဖြစ်သည်။ စာရေးသူ) အဲဒီမှာ မသေမပျောက်ဘဲကျန်နေတဲ့ ကျွန်တော်တို့လူစုကို အမြောက်ဆန်ကာကွယ်တဲ့ ပုန်းကျင်းထဲမှာတွေ့ရပါတယ်၊ အားလုံး လူပေါင်း ဆယ့်တစ်ယောက်ရှိပြီး အဲဒီထဲမှာ မာတင်ဘောမန်းနဲ့ ဟစ်တလာလူငယ်အစည်းအရုံးခေါင်းဆောင်

mgyoe.com

mgyoe.com


အက္ကစ်မန်းတို့လည်း ပါပါတယ်၊ ကျွန်တော် မှတ်မိသလောက်ဆိုရင် ဒေါက်တာစတန့်ဖက်ဂါကိုလည်း အဲဒီလူစုထဲမှာ တွေ့ရပါတယ်၊ အဲဒီနောက် ကျွန်တော်တို့ဟာ မီးရထားလမ်းအတိုင်း 'လားတား' ဘူတာရုံဘက်ကို ထွက်လာခဲ့ကြပါတယ်၊ အဲဒီဘူတာရုံက နေပြီး ကျွန်တော်တို့ ဖောက်ထွက်ဖို့ ကြိုးစားကြပါတယ်၊ ဒါပေမဲ့ အဲဒီနေရာမှာ ခုခံပစ်ခတ်မှုတွေနဲ့ တွေ့ရတဲ့အတွက် ကျွန်တော်တို့ လူစုကို အုပ်စုသုံးခု ခွဲလိုက်ကြရပါတယ်၊

'ကျွန်တော်က အရာရှိနှစ်ယောက်နဲ့ အုပ်စုတစ်ခုတည်းမှာ ရောက်သွားပါတယ်၊ တခြားလူတွေကတော့ အက္ကစ်မန်းနဲ့တချို့၊ ဘောမန်းနဲ့တချို့ ပါသွားကြပါတယ်၊ ဘောမန်းနဲ့ ဘယ်သူတွေ ပါသွားကြတယ်ဆိုတာတော့ ကျွန်တော် မမှတ်မိတော့ပါဘူး၊ ဒါပေမဲ့ ဘောမန်းဟာ အဲဒီအချိန်အထိ အသက်မသေဘဲ ရှိနေတယ်ဆိုတာတော့ ကျွန်တော်ပြောနိုင်ပါတယ်'

ဤသို့ဖြင့် ဒေါက်တာနောမန်း၏ပြောပြချက်သည် ကင့်ပကားနှင့် ဘောယားတို့၏ တင်ပြထွက်ဆိုချက်များနှင့် အကြီးအကျယ် ကွဲလွဲနေပြန်သည်။

နောက်တစ်ယောက်ရှိသေးသည်၊ ထိုသူမှာ ထိုအချိန်က ထိုအုပ်စုထဲတွင် ပါဝင်သည့် ထင်ရှားသော ခေါင်းဆောင်တစ်ဦးပင်ဖြစ်သည်။ အခြားသူမဟုတ်၊ ဟစ်တလာလူငယ် အစည်းအရုံး ခေါင်းဆောင် အက္ကစ်မန်းပင်ဖြစ်သည်။

အက္ကစ်မန်းက ၁၉၆၂ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့က အောက်ပါအတိုင်းပြောခဲ့သည်။

"ကျား' တင့်ကား* (ဘောမန်းတို့လူစု အကာအကွယ်ယူ၍ လိုက်ပါလာခဲ့ကြသော တင့်ကားကို ဆိုလိုသည်။ ။ စာရေးသူ)

---

* Tiger Tank: ဂျာမန်တို့အသုံးပြုသော တင့်ကားအမည်ဖြစ်သည်။
စာရေးသူ

mgyoe.com

ဟာ ပိတ်ဆို့ထားတဲ့ အတားအဆီးတွေကို ကျော်လာခဲ့ပြီး ရုတ်တရက် ချက်ချင်း ဝုန်းခနဲ ပေါက်ကွဲသွားပါတယ်၊ အဲဒီပေါက်ကွဲမှုကြောင့် ကျွန်တော်ဟာ အမြောက်ဆန် သံတိုသံစတစ်ခုမှန်ပြီး ဒဏ်ရာနည်းနည်းပါးပါး ရသွားခဲ့ပါတယ်၊ ဒါနဲ့ ကျွန်တော်လည်း အမြောက်ဆန်ကာကွယ်တဲ့ ပုန်းကျင်းထဲ ဆင်းသွားတော့ အဲဒီထဲမှာ မာတင်ဘောမန်းကို တွေ့ရပါတယ်၊ သူ့မှာ ဘာဒဏ်ရာမှမရဘဲ ကောင်းကောင်းမွန်မွန် ရှိနေပါတယ်'

'ဘောမန်းနဲ့အတူ ပုန်းကျင်းထဲမှာ ဒေါက်တာစတန့်ဖက်ဂါရယ်၊ ဂိုးဘဲလ်ရဲ့ လက်ထောက်အရာရှိ ရှာဝေဂါမန်းရယ်၊ ဝဲလ်ဇင်ဆိုတဲ့ ကျွန်တော့်အဖွဲ့ဝင်တစ်ယောက်ရယ် တွေ့ရပါတယ်၊ ဒါနဲ့ ကျွန်တော်တို့အားလုံး မီးရထားသံလမ်းအတိုင်း 'လားတား' ဘူတာရုံဘက်ကို ထွက်လာခဲ့ကြပါတယ်'

'ဒီလိုနဲ့ ခံကတုတ်ရှိတဲ့နေရာကို ရောက်သွားတော့ အဲဒီမှာ ရုရှားတပ်သားတွေရဲ့ သဲသဲမဲမဲပစ်ခတ်မှုနဲ့ သွားတိုးပြန်ပါတယ်၊ အဲဒီတင် ကျွန်တော်တို့လည်း အုပ်စုသုံးစု ခွဲလိုက်ကြရပါတယ်'

'ဘောမန်းနဲ့ပတ်သက်လို့ကတော့ ကျွန်တော် သူ့ကို နောက်ဆုံးမြင်လိုက်ရတဲ့အချိန်မှာဆိုရင် သူဟာ ပင်ပန်းနွမ်းနယ်နေတဲ့ အမူအရာမျိုး၊ စိတ်ဓာတ်ကျနေတဲ့ အမူအရာမျိုး လုံးဝမတွေ့ရပါဘူး၊ ဘာဒဏ်ရာမှ ရထားတာလည်းမရှိပါဘူး၊ သူနဲ့ ဘယ်သူတွေပါသွားတယ်ဆိုတာတော့ ကျွန်တော် မသိတော့ပါဘူး၊ ဒါပေမဲ့ ကျွန်တော် တိတိကျကျ ပြောရဲတာကတော့ သူဟာ အဲဒီအချိန်မှာ မသေသေးဘဲ ရှိနေပါတယ်၊ ခန့်မှန်းခြေအားဖြင့်ဆိုရင်တော့ အဲဒီအချိန်ဟာ မနက် ၃ နာရီ ၄ နာရီလောက် ရှိနေပါပြီ'

အက္ကစ်မန်း၏ အထက်ပါပြောကြားချက်အရ ဘောမန်းသည် ကင့်ပကားယူဆသလို တင့်ကားပေါက်ကွဲသည့်နေရာတွင် ဒဏ်ရာရ၍ သေဆုံးခဲ့ပြီဟူသောအချက်မှာ လုံးဝမဟုတ် ဟူ၍ အဓိပ္ပာယ်ထွက်နေသည်။ အဘယ့်ကြောင့်ဆိုသော် တင့်ကားပေါက်ကွဲပြီးနောက် သူတို့လူစု ပုန်းကျင်းထဲသို့

mgyoe.com

mgyoe.com


ရောက်သွားသော ထိုပုန်းကျင်းထဲတွင် ဘောမန်းကို အသက်မသေသေးရုံမျှ မက ဒဏ်ရာပင် လုံးဝမတွေ့ရဘဲ တွေ့ခဲ့ရသည်ဟူ၍ အက္ကစ်မန်းက အတိ အလင်း ဆိုခဲ့သည်မဟုတ်ပါလော။

၁၉၆၂ ခုနှစ်က ထိုသို့ အတိအလင်း ပြောကြားခဲ့သော အက္ကစ်မန်း သည် နောက်သုံးနှစ်ခန့်အကြာ ၁၉၆၅ ခုနှစ် မေလ ၉ ရက်နေ့ထုတ် အနောက်ဂျာမနီမှ 'စတန်း' မဂ္ဂဇင်းတွင် ဤအချက်ကို ပို၍ အလေးအနက် အခိုင်အမာ ရေးသားဖော်ပြခဲ့ပြန်သည်။

> 'အမြောက်ဆန်ကာကွယ်သည့် ပုန်းကျင်းထဲတွင် ကျွန်တော် တို့သည် ဘာလင်မြို့တော်မှ မည်သို့မည်ပုံ အကောင်းဆုံးထွက်ခွာ သွားကြမည်ကို တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်၊ ဤနေရာတွင် ဘောမန်းသည် ပလွန်မြို့ရှိ ရေကြောင်းဗိုလ်ချုပ်ကြီး ဒိုးနစ်* ထံ သွားရောက်ပူးပေါင်းရန် ကြံရွယ်ကြောင်း ပြောပြပါသည်။ ကျွန်တော်တို့ခြောက်ယောက်ကမူ အနောက်မြောက်ဒေသသို့ ထွက်ခွာသွားကြရန် ဆုံးဖြတ်လိုက်ကြပါသည် ..'

'စတန်း' မဂ္ဂဇင်းတွင် အထက်ပါ ရေးသားချက်အရ ဘောမန်းသည် တင့်ကားကို အမြောက်ဆန်ထိမှန် ပေါက်ကွဲခဲ့စဉ်က အသက်မသေဘဲ ရှိခဲ့ သည့်အပြင် ဘာလင်မှ တိတ်တဆိတ် ထွက်ပြေး၍ ဗိုလ်ချုပ်ကြီးဒိုးနစ်နှင့် သွားရောက်ပူးပေါင်းရန်ပင် ပုန်းကျင်းထဲတွင် တိုင်ပင်ဆွေးနွေးခဲ့သည်ဟူ၍ အက္ကစ်မန်းက ဆိုခဲ့သည်။

သို့သော် အက္ကစ်မန်း၏ ပြောကြားချက်များနှင့် ပတ်သက်၍ စိတ် မချရသည့် အချက်တစ်ချက်ရှိနေသေးသည်။ အဘယ့်ကြောင့်ဆိုသော် ၁၉၆၂ ခုနှစ်က သူ၏ထွက်ဆိုချက်တွင် ဘောမန်းသည် တင့်ကားပေါက်ကွဲ ခဲ့စဉ်က သေဆုံးခြင်းမရှိခဲ့သော်လည်း 'အင်ဇဲလစ်တံတား' ပေါ်အရောက်တွင်

---

* ၁၉၄၅ ခု၊ မေလ ၃၀ ရက်နေ့တွင် ဟစ်တလာ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ပြီးနောက် ဟစ်တလာ၏အရိုက်အရာကို ဆက်ခံခဲ့သူ ဖြစ်သည်။ စာရေးသူ

mgyoe.com

mgyoe.com


သေဆုံးခဲ့သည်ဟူ၍ ပြောကြားခဲ့ခြင်းပင်ဖြစ်သည်။

တင့်ကား ထိမှန်ပေါက်ကွဲသည့်နေရာမှ ထွက်ခွာလာခဲ့ကြပြီးနောက် 'လားတား' ဘူတာရုံအနီးတွင် ဆိုဗီယက်တပ်သားများနှင့် ရင်ဆိုင်တိုးခဲ့ကြရာမှ ဘောမန်းသေဆုံးခဲ့ပုံနှင့်ပတ်သက်၍ အက္ကစ်မန်းက အောက်ပါအတိုင်း ပြောကြားခဲ့ပြန်သည်။

> 'မာတင်ဘောမန်းနဲ့ ဒေါက်တာစတန့်ဖက်ဂါတို့ဟာ 'အင်ဗဲလစ်' လမ်းမကြီးဘက်ဆီကို ဦးတည်ပြီး ထွက်သွားကြပါတယ်၊ သူတို့ဟာ ခပ်မြန်မြန် ခပ်သုတ်သုတ်လျှောက်သွားကြတဲ့အတွက် ဆိုဗီယက် ကင်းစောင့်တပ်သားတွေက မသင်္ကာဘဲ ဖြစ်သွားကြပါတယ်၊ ကျွန်တော်နဲ့ ကျွန်တော့်လူတွေကတော့ ဘောမန်းနဲ့ စတန့်ဖက်ဂါတို့နောက်က ခပ်ဖြည်းဖြည်းပဲ လိုက်သွားကြပါတယ်၊ ဒါပေမဲ့ ခဏကြာတော့ သူတို့ကို လှမ်းမမြင်ရတော့ဘဲ ဖြစ်သွားပါတယ်။
>
> 'ဒါနဲ့ ကျွန်တော်တို့ဟာ 'အင်ဗဲလစ်' လမ်းမကြီးအတိုင်း 'အော့မော်ဘစ်' ဘက်ဆီကို ဆက်လာခဲ့ကြပါတယ်၊ အဲဒီနောက် ရုရှားတင့်ကားတွေပေါ်လာပြီး အမြောက်နဲ့ လှမ်းထုတဲ့အတွက် ဝဲလ်ဇင်နဲ့ ကျွန်တော်တို့ဟာ 'လားတား' ဘူတာရုံဘက်ကို ပြန်လှည့်လာခဲ့ကြရပါတယ်၊ အပြန်ကျတော့ 'အင်ဗဲလစ်ဒင်' တံတားပေါ်မှာ ခြေကားယား လက်ကားယားနဲ့ ပက်လက်ကြီး လန်ကျနေတာ တွေ့ခဲ့ရပါတယ်'

အက္ကစ်မန်း၏ အထက်ပါထွက်ချက်အရ ဘောမန်းသည် တင့်ကားထိမှန်ပေါက်ကွဲခဲ့စဉ်က မသေဘဲ 'အင်ဗဲလစ်' လမ်းပေါ်ရောက်မှ သေဆုံးခဲ့သည်ဟု ဆိုလာပြန်သည်။

သာမန်လူများအဖို့ အက္ကစ်မန်း၏ထွက်ချက်ကို ရုတ်တရက် ယုံကြည်လက်ခံကောင်း လက်ခံနိုင်မည်ဖြစ်သော်လည်း ဘာလင်မြို့တော်သို့ နှံ့နှံ့စပ်စပ် ရောက်ဖူးသူတိုင်းနှင့် ဘာလင်မြို့မြေပုံကို ကျေညက်နေသူများအတွက်မူ သူ၏ပြောကြားချက်ကို လုံးဝ အယုံအကြည်ရှိကြမည်မဟုတ်ပေ။

mgyoe.com

mgyoe.com


အဘယ့်ကြောင့်ဆိုသော် အက္ကစ်မန်း၏ ပြောပြချက်အရ သူနှင့်သူ့လူများသည် ဘောမန်းနှင့် စတန့်ဖက်ဂါတို့ နောက်မှလိုက်လာခဲ့ကြသည်ဟုဆိုသည်။ ထိုမှတစ်ဖန် အပြန်တွင် 'အင်ဗဲလစ်' လမ်းပေါ်၌ ဘောမန်း၏အလောင်းကို ပိုးလိုးပက်လက် မြင်ခဲ့ရသည်ဟုဆိုသည်။ ဤသည်မှာ လုံးဝယုတ္တိမတန်ဘဲ ဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် 'အင်ဗဲလစ်' လမ်းမှာဘောမန်းတို့ ဦးတည်၍ ထွက်သွားသည့်နေရာနှင့် ဆန့်ကျင်ဘက်အရပ်တွင်ရှိနေ၍ နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သောကြောင့်တည်း။

သို့ဖြစ်ရာ ဘောမန်းသည် အက္ကစ်မန်းရှေ့မှ သွားနေခဲ့ပါလျက်အဘယ့်ကြောင့် နောက်တွင် သေ၍ ကျန်ရစ်ခဲ့ပါသနည်း။ ပို၍အဓိပ္ပာယ်မရှိသည့်အချက်မှာ ရှေ့တွင်ရောက်နေသော ဘောမန်းသည် 'အင်ဗဲလစ်' လမ်းပေါ်သို့ ပြန်သွားရန် ထိုနေရာတစ်ဝိုက်တွင် အခြားလမ်းကြိုလမ်းကြားဟူ၍ လုံးဝမရှိသောကြောင့်ပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဘောမန်း၏ လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းသည် ဤနေရာမှ စတင်ခဲ့ခြင်းပင်ဖြစ်သည်။

အကယ်၍ ဘောမန်းသည် ထိုနေ့ ထိုရက်က ဘာလင်မြို့မှ ထွက်ပြေးရန်ကြိုးစားရာတွင် မအောင်မြင်ဘဲ သေဆုံးခဲ့ရသည်ဟူသော အချက်ကိုလက်ခံလိုသည့်တိုင်အောင် မည်သည့်နေရာတွင် မည်သို့မည်ပုံ သေဆုံးခဲ့သည်ဟူ၍ မှတ်ယူရပါမည်နည်း။

ဘောမန်းသေဆုံးပြီဟူသော အချက်ကို ပြောဆိုရေးသားခဲ့ကြသူများကိုယ်၌ကပင်လျှင် တစ်ယောက်တစ်ပေါက် ပြောကြား၍ တစ်ယောက်တစ်မျိုး ရေးသားခဲ့ကြသည်မဟုတ်ပါလော။

ထိုနေ့ ထိုရက် ထိုနံနက် ဘောမန်းနှင့် အတူရှိနေခဲ့ကြသည့် ထင်ရှားသောပုဂ္ဂိုလ်များအနက် ...

ဟစ်တလာ၏ကားမောင်းသမား အီရစ်ကင့်ပကားက ဘောမန်း၏အလောင်းကို 'ဝိုက်ဒင်ဒမ်းမား' တံတားအနီးတွင် တွေ့မြင်ခဲ့ရသည်' ဟုဆိုသည်။

ဟစ်တလာ၏လေယာဉ်မှူးချုပ် ဟန်စ်ဘောယားက 'ဘောမန်း

mgyoe.com

mgyoe.com

သည် ဇိုက်ဂျဲလ်လမ်းပေါ်တွင် သေဆုံးခဲ့သည်' ဟု ပြောသည်။

ဟစ်တလာလူယုံအစည်းအရုံးခေါင်းဆောင် အာသာအက္ကစ်မန်းက 'ဘောမန်း၏အလောင်းကို 'အင်ဗဲလစ်' လမ်းပေါ်တွင် တွေ့ခဲ့ရသည်' ဟု ရေးသည်။

ဘောမန်း မည်သည့်နေရာတွင် သေဆုံးခဲ့သည်ဟူသောအချက်တွင် အထက်ပါအတိုင်း တစ်ယောက်တစ်မျိုးဖြစ်နေကြသလို မည်သို့မည်ပုံ သေဆုံးခဲ့ရသည်ဟူသောအချက်တွင်လည်း တစ်ယောက်တစ်ပေါက် ဖြစ်နေကြပြန်သည်။

တစ်ယောက်က ဘောမန်းသည် တင့်ကားအမြောက်ဆန် ထိမှန်ပေါက်ကွဲရာမှ ဒဏ်ရာရ၍ သေဆုံးခဲ့ရသည်ဟုဆိုသည်။ အခြားတစ်ယောက်က ရိုင်ဖယ်နှင့် စက်သေနတ်ကျည်ဆန်များ ထိမှန်၍ သေဆုံးခဲ့ရသည်ဟုပြောသည်။ နောက်တစ်ယောက်က စက်အမြောက်ကျည်ဆန်ထိမှန်၍ သေဆုံးခဲ့ရသည်ဟု ရေးသည်။

ဤသည်တို့မှာ မာတင်ဘောမန်းနှင့်ပတ်သက်၍ 'ပြောရေးဆိုခွင့်' ရှိသူများ၏ ဇဝေဇဝါ မရေမရာဖြင့် 'ပြောခဲ့၊ ရေးခဲ့၊ ဆိုခဲ့' ကြသော အချက်အလက်များပင်ဖြစ်သည်။

❑

mgyoe.com

mgyoe.com

# စစ်ခုံရုံး၏ ဟာကွက်တစ်ခု

နျူရင်ဘတ် စစ်ခုံရုံး ....

ဤအမည်ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် တစ်ခါက ကမ္ဘာ စာနယ်ဇင်းအသီးသီးနှင့် ရုပ်ရှင်သတင်းကားများတွင် ဦးထုပ်ဖြူ ခါးပတ်ဖြူ များဖြင့် ယူနီဖောင်းဝတ်စုံများ ဝတ်ဆင်ထားကြသည့် အမေရိကန်တပ်ထိန်း များ ခြံရံစောင့်ကြပ်ကာ စင်မြင့်ပေါ်တွင် အဆင့်ဆင့် အစီအရီထိုင်၍ နားကြပ် ကိုယ်စီဖြင့် နားစွင့်နေကြသော နာဇီစစ်တရားခံများ၏ ဓာတ်ပုံ ရုပ်ပုံများကို ပြေး၍ မြင်ယောင်မိကြသည်။

မှန်သည်။ ၁၉၄၅ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ဂျာမန်တို့ ခြွင်းချက်မရှိ လက်နက်ချ၍ မေလ ၈ ရက်အကူး ညသန်းခေါင်ကျော် တစ်မိနစ်တိတိအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးကြောင်း ကြေညာပြီး သည့်နောက် ၆ လကျော်မျှအကြာတွင် ကမ္ဘာပြည်သူတစ်ရပ်လုံးသည် ဂျာမနီ နိုင်ငံအရှေ့တောင်ပိုင်းမှ နျူရင်ဘတ်မြို့၌ ၁၉၄၅ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့ တွင် စတင်ဖွင့်လှစ်ခဲ့သော 'အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံး' ဆီသို့ အာရုံစူးစိုက် ကာ လေ့လာစောင့်ကြပ်၍ အကဲခတ်နေခဲ့ကြသည်။

ထိုသို့ ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးမှ ပြည်သူအားလုံး၏ အာရုံ စူးစိုက်ခြင်းခံခဲ့ရသော အဆိုပါ 'အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံး' မှာ သာမန် သာမည နှယ်နှယ်ရရ စစ်ခုံရုံးမဟုတ်၊ ကမ္ဘာတစ်ခုလုံးကို မီးလောင်တိုက်

mgyoe.com

mgyoe.com


သွင်း၍ လူသန်းပေါင်းများစွာတို့၏ အသက်စည်းစိမ် အိုးအိမ်များနှင့်တကွ တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကိုပါ ကြေမွပျက်စီးအောင် ဖျက်ဆီးချေမှုန်းခဲ့ကြသည့် နာဇီစစ်ရာဇဝတ်ကောင်ကြီးများအား စနစ်တကျစစ်ဆေး၍ ထိုက်တန်သလို အပြစ်ပေးမည့် ကမ္ဘာ့ခုံရုံးကြီးပင်ဖြစ်သည်။

စင်စစ်အားဖြင့် ပြင်သစ်–ဗြိတိသျှ–အမေရိကန်နှင့် ဆိုဗီယက်ယူနီယံ မဟာမိတ်လေးနိုင်ငံမှ ခေါင်းဆောင်ကြီးများ၏ သဘောတူညီချက်အရ ဂျာမန်စစ်တရားခံများအား စစ်ဆေးအပြစ်ပေးမည့် ဤစစ်ခုံရုံးကို 'အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံး'* ဟူ၍ တရားဝင်အမည်ပေးခဲ့ကြသည်။ သို့သော် ကမ္ဘာ့ပြည်သူများ၏ နှုတ်ဖျားနှင့် ကမ္ဘာ့စာနယ်ဇင်းများ၏ ရေးသားပြောကြားချက်များအရ၊ နျူရင်ဘတ်မြို့တွင် ဖွင့်လှစ်ခဲ့သော ဤခုံရုံးကို 'နျူရင်ဘတ် စစ်ခုံရုံး' ဟူ၍ပင် အရပ်သုံးစကားဖြင့် ခေါ်ဝေါ်နားလည်နေခဲ့ကြသည်။

နျူရင်ဘတ်စစ်ခုံရုံးကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက အာရုံစိုက်မည်ဆိုက စိုက်လောက်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါက ကမ္ဘာတစ်လွှားတွင် လျှမ်းလျှမ်းတောက်ကျော်ကြား၍ ဥရောပနိုင်ငံများမှ ပြည်သူအားလုံးက ဖိမ့်ဖိမ့်တုန်၍ သိမ့်သိမ့်ခုန်လောက်အောင် ကြောက်ရွံ့ရှိုရှာ အော့နှလုံးနာခဲ့ကြသည့် နာဇီထိပ်သီးခေါင်းဆောင်ကြီးများကို နျူရင်ဘတ်စစ်ခုံရုံးတွင် 'ကြောင်ရှေ့ရောက်သည့် ကြွက်အလား၊ မြွေးထဲမိသည့် ငါးပမာ' သနားစရာ မျက်နှာငယ်ကလေးများဖြင့် ထူးဆန်းစွာ မြင်တွေ့နေကြရသောကြောင့် ပင်ဖြစ်သည်။

ဥပမာ ဂိုးအားရင်း ..။

နာဇီပါတီ တန်ခိုးထွား၍ ဂျာမန်နိုင်ငံ အင်အားကြီးမားခဲ့စဉ်က ဂိုးအားရင်းသည် နိုင်ငံတော်ကာကွယ်ရေးကောင်စီ သဘာပတိအဖြစ်လည်းကောင်း၊ ဂျာမန် ရိုက်ချ်စတက် လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လေ

---

* International Military Tribunal

mgyoe.com

mgyoe.com


တပ်ဆိုင်ရာဝန်ကြီးအဖြစ်လည်းကောင်း၊ နိုင်ငံတော် တပ်ပေါင်းစုံဗိုလ်ချုပ်ကြီး အဖြစ်လည်းကောင်း ဧရာမရာထူးကြီးများဖြင့် ခမ်းနားကြီးကျယ်စွာ နေထိုင်သွားလာခဲ့သူဖြစ်သည်။ တစ်ခါက ဤရွှေ့ဤမျှလောက် ပါဝါအာဏာများဖြင့် ထည်ဝါခဲ့သော ဂိုးအားရင်းမှာ နျူရင်ဘတ်စစ်ခုံရုံးတွင် စစ်တရားခံအဖြစ် စစ်ဆေးမေးမြန်းခြင်း ခံနေပြီး အလျား ၁၃ ပေ၊ အနံ ၁၀ ပေမျှသာရှိသည့် အလုံတိုက်ခန်းကလေးတွင် စစ်ရာဇဝတ်ကောင်အဖြစ် ချုပ်နှောင်ထားခြင်း ခံနေခဲ့ရသည်။

အလားတူပင် တစ်ခါက ဥရောပနိုင်ငံအသီးသီးမှ အပြစ်ကင်းမဲ့သည့် အရပ်သူအရပ်သား ထောင်ပေါင်းများစွာတို့ကို အရှင်လတ်လတ်အဆိပ်ဓာတ်ငွေ့လွှတ်၍သတ်ခဲ့ကြသည့် နာဇီရဲခန်းများကို ကြီးကြပ်အုပ်ချုပ်ခဲ့ရသော ဂျာမန်ထောက်လှမ်းရေးတပ်ဖွဲ့၏ ဗိုလ်ချုပ်ကြီး ကာလ်တင်ဘရန်နား‌မှာ ယခုအခါ နျူရင်ဘတ် စစ်ခုံရုံးတွင် မျက်စိပျက် မျက်နှာပျက်ကာ အထိတ်ထိတ် အလန့်လန့် ဖြစ်နေသည်ကို တွေ့ကြရသည်။

ဤသို့ဖြင့် နျူရင်ဘတ်စစ်ခုံရုံးသည် ကမ္ဘာပြည်သူအားလုံး၏ စိတ်ပါဝင်စားဖွယ်ရာ မြင်ကွင်းကျယ်ကြီးဖြစ်လာခဲ့သည်။

မှန်သည်။ နျူရင်ဘတ်စစ်ခုံရုံးသည် ကမ္ဘာ့သမိုင်းတွင် ကမ္ဘည်းထိုး၍ ကမ္ဘာ့ရာဇဝင်တွင် စာတင်ရမည့် ခုံရုံးကြီးဖြစ်သည်။ ဤစစ်ခုံရုံးကဲ့သို့ ကမ္ဘာ့သမိုင်းနှင့် ကမ္ဘာ့ရာဇဝင်တွင် ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချီ၍ ဆက်စပ်ပတ်သက်ခဲ့သော ကမ္ဘာ့ခုံရုံးဟူ၍ ယခင်ယခင်က တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးဘဲရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံအားလုံး ကမ္ဘာ့ပြည်သူအားလုံး၏ စိတ်ပါဝင်စားမှုနှင့် အာရုံစိုက်မှုကို ခံယူရလောက်အောင် ဤစစ်ခုံရုံးသည် အဘက်ဘက်က ကြီးကျယ်သည့်အတိုင်းအတာနှင့် လက္ခဏာကိုဆောင်ခဲ့သည်။

ပထမဆုံး ကြီးကျယ်သည့် အတိုင်းအတာနှင့် လက္ခဏာမှာ ဂျာမန်တို့ လက်နက်ချ၍ ဒုတိယကမ္ဘာစစ်ကြီးအပြီး ထိုစဉ်က ကြီးလေးကြီးဟူ၍ ထင်ရှားခဲ့သည့် ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်နှင့် ဆိုဗီယက်ယူနီယံမှ ကိုယ်စားလှယ် ခေါင်းဆောင်ကြီးများကိုယ်တိုင် တွေ့ဆုံညှိနှိုင်းကာ ဤစစ်ခုံရုံးကို ဖွဲ့စည်းခဲ့ကြသောကြောင့်ပင်ဖြစ်သည်။

mgyoe.com

mgyoe.com


ဒုတိယအားဖြင့် ဤစစ်ခုံရုံး၏ ကြီးကျယ်သည့်အတိုင်းအတာနှင့် လက္ခဏာမှာ ဤစစ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်သည် နိုင်ငံတစ်နိုင်ငံ၊ နယ်မြေတစ်ခုအတွင်း၌သာ အကျုံးဝင်သည်မဟုတ်ဘဲ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ချက်ကိုစလိုဗက်ကီးယား၊ ဘူလ်ဂေးရီးယား၊ ပိုလန်၊ ရူမေးနီးယား၊ ယူဂိုစလားဗီးယား၊ ဆိုဗီယက်၊ ရုရှား စသည့် မြောက်မြားလှစွာသော တိုင်းပြည်နိုင်ငံများနှင့် နယ်မြေဒေသများပေါ်တွင် နာဇီတို့ ကျူးလွန်စော်ကားခဲ့ကြသည့် အမျိုးမျိုးအဖုံဖုံ ရေတွက်၍မကုန်နိုင်သည့် စစ်ရာဇဝတ်မှုများအပေါ်တွင် လိုအပ်သလို စစ်ဆေး၍ ထိုက်တန်သလို အပြစ်ပေးစီရင်နိုင်ခွင့် ရှိခြင်းပင် ဖြစ်သည်။

တတိယအချက်အားဖြင့် ဤနျူရင်ဘတ် စစ်ခုံရုံး၏ ကြီးကျယ်သည့် အတိုင်းအတာနှင့် လက္ခဏာမှာ အခြားမဟုတ်၊ ဤစစ်ခုံရုံးတွင် ထိုသို့ စစ်ရာဇဝတ်ကောင်များအား လိုအပ်သလို စစ်ဆေး၍ ထိုက်တန်သလို အပြစ်ပေးရန်အတွက် လုံးဝဥဿုံ အလုံးစုံတာဝန်ယူကြရသည့် ခုံသဘာပတိအဖွဲ့ဝင် တရားသူကြီးများမှာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်ထဲမှ ရွေးချယ်ခန့်အပ်ခဲ့ကြခြင်းမဟုတ်ဘဲ ဒုတိယကမ္ဘာစစ်ကြီး၏ မီးတောက်မီးလျှံများကို အတူတကွ လက်တွဲငြိမ်းသတ်ခဲ့ကြသည့် ဆိုဗီယက်ယူနီယံ၊ အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ် စသော နိုင်ငံကြီးလေးနိုင်ငံမှ တရားဥပဒေစီရင်ရေးတွင် လေးစားဂုဏ်ပြုအပ်သည့် ပုဂ္ဂိုလ်ကြီးများကို လက်ရွေးစင်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ကြခြင်းသည်။

တစ်ဖန် ဤခုံရုံး၏ ကြီးကျယ်သော အတိုင်းအတာနှင့်လက္ခဏာအတွက် စတုတ္ထမြောက်အချက်မှာ ဤစစ်ခုံရုံးတွင် စစ်ဆေးခြင်းနှင့် အပြစ်ပေးခြင်းခံကြရမည့် စစ်ရာဇဝတ်ကောင်များမှာ သာမန် 'ခွေးလှေးဂျပိုး၊ သူခိုးဓားပြများမဟုတ်မူ၍ တစ်ခါက ဂျာမနီတွင် နာဇီတို့ တန်ခိုးထွားခဲ့စဉ် ရောမရာထူးကြီးများနှင့် ရောမတာဝန်ကြီးများကို ရယူထားခဲ့ကြသည့် ရောမပုဂ္ဂိုလ်ကြီးများပင်ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် နျူရင်ဘတ်စစ်ခုံရုံးတွင် စစ်ရာဇဝတ်ကောင်အဖြစ် တရားစွဲဆိုခြင်းခံခဲ့ကြရသော အဆိုပါ ရောမပုဂ္ဂိုလ်

mgyoe.com

mgyoe.com


ကြီးများနှင့် တစ်ခါက သူတို့ထမ်းဆောင်ခဲ့ကြသည့် ရာထူးကြီးများ၊ ရာထူးကြီးများ၊ ရောမတာဝန်ကြီးများကို အသေးစိတ်ဖော်ပြရမည်ဆိုပါက အောက်ပါအတိုင်း တွေ့ကြရမည်ဖြစ်သည်။

**ဂိုးအားရင်း။** ဂျာမန်လေတပ်မတော်၏ စစ်ဦးစီးချုပ်ဖြစ်၍ လေတပ်ဝန်ကြီးလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော် ကာကွယ်ရေးဝန်ကြီးများ ကောင်စီ သဘာပတိ၊ ဂျာမန်ရိုက်ချ်စတက် လွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော် တပ်ပေါင်းစုံဗိုလ်ချုပ်ကြီး၊ လေးနှစ်စီမံကိန်းအာဏာပိုင်အဖွဲ့၏ အကြီးအကဲ စသည့် ရာထူးကြီးများ၏ပိုင်ရှင်ဖြစ်သည်။ တစ်ခါက အာဏာရှင် ဟစ်တလာ၏ အရိုက်အရာကိုဆက်ခံမည့် ပုဂ္ဂိုလ်ကြီးဟူ၍ပင် ထင်ပေါ် ကျော်ကြားခဲ့သူဖြစ်သည်။

**ရစ်ဘင်ထရော့။** ဂျာမန်အစိုးရ၏ အရေးပါ အရာရောက်သော နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။ တစ်ခါက ဗြိတိန်နိုင်ငံတွင် ဂျာမန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ နာဇီပါတီ၏ နိုင်ငံခြားရေးရာ ကော်မရှင်နာမင်းကြီး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

**ဒိုးနစ်။** ဂျာမန်ရေတပ်မတော်၏ ရေကြောင်းဗိုလ်ချုပ်ကြီးဖြစ်၍ ရေငုပ်သင်္ဘောတပ်ဖွဲ့၏ တပ်မှူးကြီးလည်းဖြစ်သည်။ ဂျာမနီဗိုလ်ချုပ်ကြီး များအတွင်း ထင်ရှားကျော်ကြားသူဖြစ်၍ ဟစ်တလာ ကိုယ့်ကိုယ်ကိုယ် သတ်မသေမီကပင် ဟစ်တလာ၏အရိုက်အရာကို ဆက်ခံရန် ရွေးချယ်ခန့် အပ်ခြင်းခံရသူဖြစ်သည်။

**ဂျိုးဒဲလ်။** ဂျာမန်စစ်ဌာနချုပ်၏ စစ်ဦးစီးချုပ်ဖြစ်၍ ဂျာမန်တပ် များ၏ စစ်ဆင်ရေးအားလုံးကို တာဝန်ယူရသည့်ဗိုလ်ချုပ်ကြီးဖြစ်သည်။

**ဟက်စ်။** ယခင်က နာဇီပါတီတွင် ဟစ်တလာ၏ လက်ထောက် ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ရ၍ ဌာနလက်ကိုင်မရှိ ဝန်ကြီးဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးများ ကောင်စီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ၁၉၄၁ ခုနှစ်၊ မေလတွင် ဂျာမနီမှ အင်္ဂလန် စကော့တလန်နိုင်ငံသို့ တိုက် လေယာဉ်တစ်စင်းကို ကိုယ်တိုင်မောင်း၍ ထွက်ပြေးခဲ့ရာမှ ဗြိတိသျှတို့၏ ဖမ်းဆီးခြင်းခံရပြီး စစ်ကြီးပြီးဆုံးသောအခါ ညွှန်ဘတ်စစ်ခုံရုံးတွင်

mgyoe.com

mgyoe.com


စစ်တရားခံတစ်ဦးအဖြစ် ရောက်လာခဲ့သူဖြစ်သည်။

ကိုက်တဲလ်။ ဂျာမန်လက်နက်ကိုင်တပ်ပေါင်းစုံ၏ ဗဟိုစစ်ဦးစီးဌာနချုပ်မှ စစ်ဦးစီးမှူးဖြစ်သည်။ ဥရောပနိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ရာ၌ အရေးပါအရာရောက်ဆုံး ဗိုလ်ချုပ်ကြီးဖြစ်သည်။

ကာလ်တင်ဘရန်းနား။ နိုင်ငံတော်လုံခြုံရေးဌာနချုပ်၏ အကြီးအကဲဖြစ်၍ ထောက်လှမ်းရေးတပ်ဖွဲ့၏ တပ်မှူးကြီးဖြစ်သည်။ ကမ္ဘာကျော်နာဇီချွေးတပ်ငရဲခန်းများကို အုပ်ချုပ်ကွပ်ကဲရသူဖြစ်သည်။

ရေဒါ။ ဂျာမန်ရေတပ်မတော်၏ စစ်ဦးစီးချုပ်ဖြစ်၍ မဟာမိတ်စစ်သင်္ဘောများသာမက ခရီးသည်တင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်နှစ်မြှုပ်ခဲ့ရာ၌ တာဝန်ရှိရကြောင်းဗိုလ်ချုပ်ကြီးဖြစ်သည်။

စပီးယား။ ဂျာမန်တပ်မတော်အတွက် လက်နက်နှင့်စစ်ပစ္စည်းထောက်ပံ့ရေးဌာနဆိုင်ရာ ဝန်ကြီးဖြစ်၍ ဂျာမန်ကြည်းရေလေတပ်မတော်များ ကြီးထွားအောင် ပြုစုပျိုးထောင်ရာတွင် အရေးပါအရာရောက်ဆုံး ခေါင်းဆောင်တစ်ဦးဖြစ်သည်။

စထရိုက်ချာ။ နာဇီပါတီ စတင်တည်ထောင်ရာ၌ ပါဝင်ခဲ့သူဖြစ်၍ ဟစ်တလာအာဏာရလာပြီး နျူရင်ဘတ်မြို့တွင် ဂျူးလူမျိုးများကို စတင်သုတ်သင်သတ်ဖြတ်ရာ၌ ခေါင်းဆောင်ခဲ့သူဖြစ်သည်။

ရောဘတ်လေး။ နာဇီပါတီ အလုပ်သမားတပ်ဦး၏ ထိပ်တန်းခေါင်းဆောင်ဖြစ်၍ စစ်ကြီးအတွင်းက ဂျာမန်တို့သိမ်းပိုက်ခဲ့သော နိုင်ငံများမှ အလုပ်သမား သန်းပေါင်းများစွာတို့ကို ဂျာမနီနိုင်ငံသို့ အဓမ္မခေါ်ဆောင်ကာ ကျွန်သားတိရစ္ဆာန်များပမာ ရက်ရက်စက်စက်စေခိုင်းခဲ့သူဖြစ်သည်။

ဗွန်ပေပင်။ လွန်စွာအရေးပါသည့် ဂျာမန်သူလျှိုထိပ်သီးတစ်ဦးဖြစ်၍ နာဇီပါတီ အာဏာသိမ်းပိုက်ရေးတွင် ရှေ့တန်းမှ လှုံ့ဆော်စည်းရုံးခဲ့သူဖြစ်သည်။ နောင်အခါ၌ ဩစထရီးယားပြည်နယ်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဖရစ်။ ဂျာမန်အစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဖြစ်သည့် နာဇီပါတီ၏ လက်ယောင်းခေါင်းဆောင်တစ်ဦးဖြစ်၍ ဟစ်တလာ အာဏာရလာခဲ့ပြီး

mgyoe.com

mgyoe.com


နောက် ဂျူးများအား မျိုးပြုတ်အောင် သုတ်သင်ရှင်းလင်းရေး လူသတ်ပွဲများကို တရားဝင်ဖြစ်အောင် စီမံကိန်းရေးဆွဲခဲ့သူဖြစ်သည်။

**ရိုစင်ဘတ်။** နာဇီပါတီနှင့် နာဇီဝါဒ၏ သဘောတရားနှင့် အဘိဓမ္မာဆရာကြီးဖြစ်၍ ဂျာမန်လူမျိုးများသည် မြင့်မြတ်သော 'မဟာလူသားများ' ဖြစ်သည်ဟူသော အယူအဆကို ထုတ်ဖော်ထူထောင်ခဲ့သူဖြစ်သည်။

**စချက်။** ဟစ်တလာ၏ စီးပွားရေးနှင့် ဘဏ္ဍာရေး အကြံပေးအရာရှိဖြစ်၍ နာဇီပါတီ၏ လိုအပ်သမျှ ဘဏ္ဍာငွေကို ရှာဖွေထောက်ပံ့ခဲ့သူဖြစ်သည်။ ဂျာမန်တပ်မတော်ကြီး ပြန်လည်လက်နက်တပ်ဆင်ရာတွင် ကြီးမားစွာ အထောက်အကူပြုခဲ့သူဖြစ်သည်။

**ဖရန့်။** နာဇီပါတီ၏ ရှေ့နေချုပ်ကြီးဖြစ်သည်။ ၁၉၂၃ ခုနှစ်တွင် ဘီယာဆိုင်မှ အာဏာသိမ်းပွဲကို ဆင်နွှဲခဲ့စဉ်ကပင် ဟစ်တလာ၏ လူယုံတော်ဖြစ်ခဲ့၍ စစ်ကြီးအတွင်း ပိုလန်နိုင်ငံဘုရင်ခံချုပ်ကြီးအဖြစ် ပိုလန်အမျိုးသားသန်းပေါင်းများစွာ အသတ်ခံရမှုတွင် တာဝန်ရှိသူဖြစ်သည်။

**ဆော့ကဲလ်။** နာဇီပါတီကောင်းစားခဲ့စဉ်က အလုပ်သမားများအား ချွေးတပ်စခန်းသို့ ပို့ဆောင်ကာ မသေမချင်း ညှဉ်းဆဲစေခိုင်းခဲ့သူဖြစ်သည်။

**ဖန့်။** ဂျာမန်အစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးဖြစ်သည်။ နိုင်ငံတော်ဘဏ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ချွေးတပ်စခန်း ငရဲခန်းများတွင် အရှင်လတ်လတ် အသတ်ခံခဲ့ကြရသော ဂျူးလူမျိုးများ၏ ရွှေသွားများနှင့် ရွှေလက်စွပ်များ အပါအဝင် လက်ဝတ်ရတနာများကို တာဝန်ခံ၍ သိမ်းဆည်းသိုမှီးခဲ့ရသူဖြစ်သည်။

**ဗွန်ရှီရက်။** ဟစ်တလာလူငယ်များ အစည်းအရုံးကို ခေါင်းဆောင်ဖွဲ့စည်းခဲ့သူဖြစ်သည်။ သန်းပေါင်းများစွာသော ဂျာမန်လူငယ်များအား ဟစ်တလာအလိုကျ ပုံသွင်းပေးခဲ့၍ လူမျိုးအချင်းချင်း မုန်းတီးရေးစိတ်ဓာတ်များဖြင့် 'အဆိပ်ခပ်' ပေးခဲ့သူဖြစ်သည်။

**ဖရစ်ရှေး။** ဂျာမန်ဝါဒဖြန့်ချိရေးဌာနမှ ရေဒီယိုအသံလွှင့်ဌာနနှင့် ပုံနှိပ်လုပ်ငန်းဌာန အကြီးအကဲဖြစ်၍ နာဇီပါတီ၏ မုသာဝါဒများကို တာဝန်ယူ ထုတ်လွှင့်ဖြန့်ချိခဲ့ရသူဖြစ်သည်။

mgyoe.com

mgyoe.com


ဆိုက်စ်အင်းကွပ်စ်။ ဩစထရီးယား-ပိုလန်နှင့် နယ်သာလန် နိုင်ငံများတွင် တာဝန်ခံအကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့၍ ထိုနိုင်ငံများတွင် သွေးချောင်းစီးခဲ့သည့် လူသတ်ပွဲများတွင် တာဝန်ရှိသူဖြစ်သည်။

နျူရက်။ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးများကောင်စီအဖွဲ့ဝင် တစ်ဦးဖြစ်၍ ဌာနလက်ကိုင်မရှိ ဝန်ကြီးဖြစ်သည်။ နောက်ပိုင်းတွင် ရစ်ဘင် ထရော့ပ်နေရာတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်ခံခဲ့၍ ဟစ်တလာ၏ ကျူးကျော်ရန်လိုသော နိုင်ငံခြားရေးဝါဒများကို အကောင်အထည်ဖော်ခဲ့ရ သူဖြစ်သည်။

မာတင်ဘောမန်း။ နာဇီပါတီဌာနချုပ် ခေါင်းဆောင်ဖြစ်၍ ဟစ်တလာ၏ အတွင်းရေးမှူးဖြစ်သည်။ ဟစ်တလာ၏ အရင်းနှီးဆုံးသော အကြံပေးအရာရှိအဖြစ် ဆောင်ရွက်လာခဲ့ရာမှ နောက်ပိုင်းတွင် ဟစ်တလာ ကလွဲလျှင် တန်ခိုးအာဏာအကြီးဆုံးပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။

အထက်ပါတရားခံများ၏ 'အမည်နှင့်အလုပ်အကိုင်' များကို ကြည့်ခြင်းအားဖြင့် နျူရင်ဘတ် စစ်ခုံရုံးမှ စစ်ရာဇဝတ်ကောင်များသည် နယ်နယ်ရရ သာမညမဟုတ်ဘဲ ရောမပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း သိသာ ထင်ရှားလှသည်။

တစ်ဖန် အဆိုပါ ရောမရာဇဝတ်ကောင်များနှင့် ပတ်သက်၍ ဤ စစ်ခုံရုံးတွင် စွဲဆိုတင်ပြခဲ့ကြသော ရာဇဝတ်မှုများမှာလည်း 'ခါးပိုက်နှိုက် အလစ်သုတ်' စသည့်အမှုများလို သေးသေးကွေးကွေးမဟုတ်မူ၍ 'အကောင် ကြီးသလောက် ခြေရာကြီးသည်' ဟူသော စကားပမာ ရောမအမှုကြီးများပင် ဖြစ်သည်။ ထို့ပြင် အဆိုပါ ရောမရာဇဝတ်မှုကြီးများမှာလည်း တစ်ရွာ တစ်နိုင်ငံအတွင်း၌သာလျှင် ဖြစ်ပွားကျူးလွန်ခဲ့ခြင်းမဟုတ်ဘဲ အမြို့မြို့ အရွာ ရွာ အနိုင်နိုင်ငံတို့တွင် နေရာအနှံ့အပြား၌ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

ဥပမာအားဖြင့်ဆိုရလျှင် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် များကို ဖောက်ဖျက်ကာ နိုင်ငံအများအပြားကို အဓမ္မကျူးကျော်သိမ်းပိုက် ခြင်း၊ စစ်ဘက်ဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေများကိုချိုးဖောက်ကာ အပြစ်မဲ့ အရပ်သားများအား အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်း၊ ရက်စက်စွာ ညှဉ်း

mgyoe.com

mgyoe.com


ဆဲနှိပ်စက်ခြင်း၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အတင်းအကျပ်ပို့ဆောင်ခြင်း၊ လူမဆန်သည့် နည်းမျိုးစုံတို့ဖြင့် သတ်ပစ်ခြင်း စသော စသော ရာဇဝတ်မှုကြီးများပင်ဖြစ်သည်။ အတိုချုံး၍ဆိုရလျှင် နျူရင်ဘတ်စစ်ခုံရုံးတွင် ရာဇဝတ်ကောင်ကြီးများအပေါ် စွဲချက်တင်ခဲ့သောအမှုများသည် လူတစ်ယောက် သို့မဟုတ် လူတစ်စု သို့မဟုတ် လူမျိုးတစ်မျိုးအပေါ်တွင်သာ ကျူးလွန်ခဲ့ကြသည့် အမှုများမဟုတ်ဘဲ လူသားထုတစ်ရပ်လုံးအပေါ် ကျူးလွန်ခဲ့ကြသည့် ရာဇပြစ်မှုကြီးများပင်ဖြစ်သည်။

ဤသည်မှာ နျူရင်ဘတ်စစ်ခုံရုံး၏ ပဋ္ဌမမြောက် ကြီးကျယ်သော အတိုင်းအတာနှင့် လက္ခဏာရပ်ပင်ဖြစ်သည်။

ဤသို့လျှင် အဘက်ဘက်မှ ကြီးကျယ်သော လက္ခဏာရပ်များနှင့် ကြီးကျယ်သော အတိုင်းအတာရှိခဲ့သည့် နျူရင်ဘတ် စစ်ခုံရုံးသည် အထက်ပါ စစ်ရာဇဝတ်ကောင်များအား ရက်ပေါင်း ၃၁၅ ရက်တိုင်တိုင် အမှုစစ်ဆေးသည့်အကြိမ်ပေါင်း ၄၀၃ ကြိမ်ရှိခဲ့သည့်အထိ အပြန်ပြန်အလှန်လှန် စနစ်တကျ စစ်ဆေး၍ ထိုက်တန်သလို အပြစ်ပေးခဲ့ခြင်းဖြင့် သမိုင်း၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သည်။*

တစ်နည်းဆိုရလျှင် နျူရင်ဘတ် စစ်ခုံရုံးသည် တရားလိုနှင့် တရားခံနှစ်ဖက်စလုံးမှ တင်ပြခဲ့ကြသည့် သက်သေခံစာရွက်စာတမ်းပေါင်း ၅၀၀၀ ကျော်တို့နှင့် သက်သေပေါင်း ၂၅၀ ကျော်တို့၏ တင်ပြထွက်ဆိုချက်များကို ကြားနာစစ်ဆေးကာ နှစ်ဖက်သော အကျိုးဆောင်ရှေ့နေကြီးများ၏ လျှောက်လဲချက်များကို အခြေပြု၍ စစ်တရားခံ ၃ ဦးအား ကွင်းလုံးကျွတ် လွှတ်ပေးဟူ၍လည်းကောင်း၊ ၇ ဦးအား ထောင်ဒဏ် ၁၀ နှစ်မှ အနှစ် ၂၀ အထိ ကျခံ

---

* ထိုစဉ်က နျူရင်ဘတ်စစ်ခုံရုံး၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ တရားခံစစ်ရာဇဝတ်ကောင်များအား မည်သို့မည်ပုံဖမ်းဆီး၍ မည်သို့ ချုပ်နှောင်ထားခဲ့ပုံ၊ မည်သို့မည်ပုံ စွဲချက်တင်၍ မည်သို့ စစ်ဆေးအပြစ်ပေးခဲ့ပုံ အသေးစိတ်ဖြစ်ရပ်များကို စာရေးသူ၏ (နျူရင်ဘတ် စစ်ခုံရုံး မှတ်တမ်းများ) စာအုပ်တွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။ စာရေးသူ

mgyoe.com

mgyoe.com

စေဟူ၍လည်းကောင်း၊ ၁၂ ဦးအား မသေမချင်း လည်ပင်းကြိုးကွင်းစွပ်တပ်၍ သတ်စေဟူ၍လည်းကောင်း အသီးသီး စီရင်ချက်ချမှတ်ခဲ့ခြင်းဖြင့် လူသားထုတစ်ရပ်လုံး၏ကိုယ်စား တရားဥပဒေ ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော် ... သို့သော် ...

အဘက်ဘက်မှ ထိုရွေ့ ထိုမျှလောက် အတိုင်းအတာနှင့် လက္ခဏာကြီးမားစွာဖြင့် လူသားထုတစ်ရပ်လုံး၏ကိုယ်စား တရားဥပဒေစိုးမိုးရေးအတွက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့ပါသည်ဆိုသော အထက်ပါ နူရင်ဘတ်စစ်ခုံရုံးအတွက် ပြောစရာအကွက်တစ်ကွက် အမည်းစက်တစ်စက် ကျန်ရှိနေခဲ့သည်။

ယင်းပြောစရာအကွက်တစ်ကွက် အမည်းစက်တစ်စက်ကား အခြားမဟုတ်၊ နာဇီထိပ်ခေါင် စစ်ရာဇဝတ်ကောင်များအနက် အရေးအကြီးဆုံးဟူ၍ ဆိုနိုင်လောက်သည်အထိ တစ်ခါက ဟစ်တလာကလွဲလျှင် နာဇီဂျာမနီတွင် တန်ခိုးအာဏာ အထက်မြက်ဆုံးဖြစ်ခဲ့သော မာတင်ဘောမန်းအား လက်ရဖမ်းဆီးနိုင်ခဲ့ခြင်းလည်းမရှိ၊ ရုံးတော်တွင် တရားခံအဖြစ် လုံးဝခေါ်ဆောင်လာနိုင်ခြင်းလည်းမရှိဘဲ 'မျက်ကွယ်' တွင်စစ်ဆေး၍ 'မျက်ကွယ်' တွင် သေဒဏ်ပေးခဲ့ခြင်းဖြစ်သည်။

မှန်သည်။ မာတင်ဘောမန်းသည် နူရင်ဘတ်စစ်ခုံရုံးတွင် ကိုယ်တိုင်ကိုယ်ကျ တရားခံအဖြစ် ရောက်လာခဲ့ခြင်းမရှိဘဲ အပြစ်ပေးခံရသည့် တစ်ဦးတည်းသော နာဇီစစ်ရာဇဝတ်ကောင်ဖြစ်သည်။

နာဇီထိပ်သီးခေါင်းဆောင်များထဲမှ နူရင်ဘတ်စစ်ခုံရုံးသို့ လုံးဝရောက်မလာခဲ့ကြသူများ မရှိမဟုတ်၊ ရှိသည်။ ဥပမာ – ဟင်းမလား။

ကမ္ဘာကျော် ဂက်စတာပိုဗိုလ်ချုပ် ဟင်းမလားသည် ဂျာမန်စစ်ဌာနချုပ်မှ ထွက်ပြေးခဲ့ပြီးနောက် ဂျာမန်တို့လက်နက်ချပြီး ၁၄ ရက်အကြာတွင် ရုရှားတပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ သို့သော် ထိုစဉ်က ဟင်းမလားမှာ ရုပ်ဖျက်ထားသဖြင့် ရုရှားတပ်သားများသည် သူ့ကို မမှတ်မိဘဲ ရိုးရိုးဂျာမန်စစ်ပြေးတစ်ယောက်ဟု ယူဆကာ ဗြိတိသျှတပ်များလက်သို့ အပ်ခဲ့

mgyoe.com

mgyoe.com


သည်။ ဗြိတိသျှတပ်သားများကလည်း ဂျာမန်ဗိုလ်ချုပ်ဟင်းမလားကို မမှတ်မိဘဲဖြစ်နေကြသည်။ သို့ဖြင့် နောက်ဆုံးတွင် ဟင်းမလားသည် သူ့ကိုယ်သူ ဂက်စတာဗိုလ်ချုပ် ဟင်းမလားဖြစ်ကြောင်း ဖွင့်ဟပြောကြားကာ တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းခြင်းမခံရမီ အဆိပ်မျို၍ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သည်။

သို့ဖြစ်ရာ နျူရင်ဘတ်စစ်ခုံရုံး စတင်ဖွင့်လှစ်၍ စစ်တရားခံများစာရင်းကို ကြေညာလိုက်သောအခါ ထိုအချိန်တွင် သေဆုံးခဲ့ပြီးဖြစ်သောဟင်းမလားမှာ တရားခံစာရင်းတွင် လုံးဝပါမလာဘဲ ရှိနေသည်။ ဤသည်မှာ သဘာဝကျသည်။ သေပြီးသူသည် ဘာတစ်ခုမှ ပြန်ပြောနိုင်တော့မည်မဟုတ်။

တစ်ဖန် စစ်တရားခံစာရင်းတွင် ပါဝင်ခဲ့ပြီးမှ စစ်ခုံရုံးတရားခွင်သို့ လုံးဝရောက်မလာသူတစ်ဦး ရှိသေးသည်။ ထိုသူမှာ နာဇီပါတီ အလုပ်သမားတပ်ဦးခေါင်းဆောင် ရောဘတ်လေးပင်ဖြစ်သည်။

ရောဘတ်လေးမှာလည်း ဂျာမန်တို့စစ်ရှုံးပြီးနောက် ရုပ်ဖျက်၍ ဂျာမန်တောင်ပိုင်းတစ်နေရာတွင် ပုန်းအောင်းနေရာမှ အမေရိကန်တပ်များ၏ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက် နျူရင်ဘတ်စစ်ခုံရုံးတွင် စစ်ဆေးရန်ခေါ်ဆောင်လာခဲ့ပြီး နျူရင်ဘတ်အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်းခံခဲ့ရသည်။ သို့သော် ရောဘတ်လေးသည် စစ်ခုံရုံး စတင်ဖွင့်လှစ်ရန် တစ်လခန့်အလို ထောင်ထဲတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သည်။

သို့ဖြစ်ရာ မူလက စစ်တရားခံစာရင်းတွင် ပါဝင်ခဲ့ပြီးမှ ခုံရုံးစတင်ဖွင့်လှစ်သည့်အချိန်တွင် တရားခွင်၌ ရောဘတ်လေးကို မမြင်မတွေ့ရသည့်အတွက် တစ်စုံတစ်ရာ ပြဿနာပေါ်စရာမလို၊ သူနှင့်ပတ်သက်၍ ဘာတစ်ခုမှ ပြောစရာမရှိ။

ပြဿနာပေါ်၍ ပြောစရာရှိသည်မှာ မာတင်ဘောမန်းသာလျှင်ဖြစ်သည်။

အရေးကြီးသည့် နာဇီထိပ်သီးခေါင်းဆောင်ကြီးတွေမှန်သမျှ နျူရင်ဘတ်စစ်ခုံရုံးသို့ စစ်တရားခံအဖြစ် ရောက်ခဲ့ကြသည်။ စစ်တရားခံ

mgyoe.com

mgyoe.com

အဖြစ် ရောက်မလာကြသူများမှာ တစ်နည်းနည်းဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေကာ ကိုယ့်ဇာတ်ကိုယ်သိမ်းသွားကြသူများဖြစ်သည်။ ဥပမာ – ဟစ်တလာနှင့် ဂိုးဘဲလ်အစ၊ ဟင်းမလားနှင့် ရောဘတ်လေး အဆုံး ...။

သို့တိုင်အောင် ထိုသို့ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ခြင်းလည်းမရှိ၊ တိုက်ပွဲတစ်ပွဲ စစ်မြေပြင်တစ်နေရာတွင် 'ကျဆုံးခဲ့ပါပြီ' ဟူ၍လည်း မည်သူ တစ်ဦးတစ်ယောက်ကမှ အခိုင်အမာ ထုတ်ဖော်ပြောကြားနိုင်ခြင်းလည်းမရှိ သည့် နာဇီပါတီ၏ ထိပ်သီးခေါင်းဆောင် မာတင်ဘောမန်းသည် စစ် တရားခံစာရင်းတွင် အတိအလင်းပါဝင်ပါလျက် နျူရင်ဘတ်စစ်ခုံရုံး၏ တရားခွင်တွင် လုံးဝ မမြင်မတွေ့ရသည်မှာ တကယ့်ပြဿနာ၊ တကယ့် ပြောစရာကြီးပင်ဖြစ်သည်။

ထိုသို့ မာတင်ဘောမန်းအား ဖမ်းဆီးရမိခြင်းမရှိဘဲ နျူရင်ဘတ်စစ် ခုံရုံးတွင် စစ်တရားခံတစ်ယောက်အဖြစ် ထည့်သွင်းစစ်ဆေးကာ အပြစ်ပေး ခဲ့သည့် အဓိကအကြောင်းရင်းမှာ အခြားမဟုတ်၊ ၁၉၄၅ ခု၊ မေလ ၂ ရက်နေ့ နံနက် လင်းအားကြီးအချိန်တွင် ဘာလင်မြို့တော် မြေအောက်ပုန်းကျင်းထဲမှ သွေးရူးသွေးတန်း ထွက်ပြေးခဲ့ကြသည့် နာဇီခေါင်းဆောင်များအနက် မာတင် ဘောမန်းမှာ မသေမပျောက်ဘဲ လုံးဝလွတ်မြောက်သွားခဲ့သည်ဟူ၍ စစ်ခုံရုံး သဘာပတိအဖွဲ့ဝင်အားလုံးက တစ်ထစ်ချ ယုံကြည်ယူဆခဲ့သောကြောင့်ပင် ဖြစ်သည်။

သို့ဖြစ်၍လည်း မာတင်ဘောမန်းအား ဤစစ်ခုံရုံးက 'ကွယ်ရာ' တွင် စစ်ဆေး၍ 'ကွယ်ရာ' တွင် သေဒဏ်ပေးခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ တရားခံမမိဘဲ အမှုစစ်ဆေး၍ တရားခံမရှိဘဲ သေဒဏ်ပေးခဲ့ခြင်းသည် နျူရင်ဘတ်စစ်ခုံရုံး၏ ပျော့ကွက်ဟာကွက်ပင် မဟုတ်ပါလား။

❑

mgyoe.com

mgyoe.com

# ဘောမန်း၊ ဘယ်သူလဲ၊ ဘာလဲ...

"တရားခံ မတ်တတ်ရပ်ပါ၊ မောင်မင်းနာမည် ဘယ်သူလဲ"

"မာတင်ဘောမန်းပါ"

"ဘယ်နှခုနှစ်မှာ မွေးသလဲ"

"၁၉၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ပါ"

ဤအမေးအဖြေများသည် မည်သည့်နေရာတွင် မေးခဲ့ဖြေခဲ့ကြပါသနည်း။ နျူရင်ဘတ် စစ်ခုံရုံးတွင်လော။ မဟုတ်ပါ၊ လုံးဝမဟုတ်ပါ။ မာတင်ဘောမန်းသည် နျူရင်ဘတ်စစ်ခုံရုံးသို့ လုံးဝရောက်မလာခဲ့ပါ။

အထက်ပါတရားသူကြီးနှင့် တရားခံတို့၏ အပြန်အလှန် အမေးအဖြေများမှာ ၁၉၄၅ ခုနှစ်၊ နျူရင်ဘတ်စစ်ခုံရုံးတွင် မဟုတ်ဘဲ ၁၉၂၄ ခုနှစ်က လိုက်ပ်ဇစ်မြို့မှ တရားရုံးတွင် မေးခဲ့ဖြေခဲ့ကြခြင်းဖြစ်သည်။

အချိန်ကာလအားဖြင့် ကွာခြား၍ စွဲဆိုခဲ့သည့်အမှုအားဖြင့် တူညီခြင်းမရှိသော်လည်း တရားခံမှာမူ တစ်ဦးတစ်ယောက်တည်းပင်ဖြစ်သည်။

မှန်သည်။ ၁၉၂၄ ခုနှစ်က လိုက်ပ်ဇစ်မြို့ တရားရုံးတွင် တရားခံအဖြစ် ထိုသို့ အစစ်ဆေးခံခဲ့ရသော ထိုမာတင်ဘောမန်းသည် ၁၉၄၅ ခုနှစ်က နျူရင်ဘတ်စစ်ခုံရုံး တရားခံစာရင်းတွင် ပါဝင်ခဲ့သော မာတင်ဘောမန်းပင်ဖြစ်သည်။

ထိုစဉ်က မာတင်ဘောမန်း တရားခံအဖြစ် ရုံးသို့ရောက်ခဲ့ရသော

mgyoe.com

mgyoe.com


အမှုမှာလည်း သေးသေးကွေးကွေးမဟုတ်၊ လူသတ်မှုပင်ဖြစ်သည်။ ထိုအချိန် ထိုအခါ ၁၉၂၄ ခုနှစ်တစ်ဝိုက်က နာဇီပါတီသည် အာဏာမရသေးသော်လည်း ဆန့်ကျင်ဘက်ပါတီများကို အကြမ်းဖက်မှုများ ပြုလုပ်နေခဲ့ပြီဖြစ်သည်။ သို့ဖြင့် ထိုစဉ်က နာဇီဝါဒကို သက်ဝင်ယုံကြည်နေပြီဖြစ်သော ဘောမန်းသည် ဝေါလ်တာလာနိုး ဆိုသူ ကျောင်းဆရာတစ်ယောက်အား နာဇီပါတီဝင်များကို သစ္စာဖောက်သည်ဟု ယူဆကာ သူ့တပည့်တပန်းများကို စေလွှတ်၍ ရက်ရက်စက်စက် အသတ်ခိုင်းခဲ့ခြင်းဖြစ်သည်။

ဤလူသတ်မှုတွင် ဘောမန်းနှင့်အတူ ရုဒေါ့ဖ်ဟက်စ် ဆိုသူလည်း ပူးပေါင်းပါဝင်ခဲ့သည်။ အဆိုပါ ဟက်စ်ဆိုသူမှာလည်း အခြားသူမဟုတ်၊ နောင်အခါတွင် ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာကျော် အော့စ်ဝစ်ငရဲခန်း၌ လူသန်းပေါင်းများစွာတို့ကို ရက်ရက်စက်စက် သုတ်သင်သတ်ဖြတ်ခဲ့သည့် နာဇီလူသတ်ကောင်ပင်ဖြစ်သည်။

မာတင်ဘောမန်းသည် ထိုစဉ်က အဆိုပါလူသတ်မှုနှင့်ပတ်သက်၍ ထောင်တစ်နှစ် အပြစ်ပေးခံခဲ့ရသည်။ ဟို့စ်မှာမူ ထောင်ဒဏ်ဆယ်နှစ် အပြစ်ပေးခံခဲ့ရပြီး ထောင်ထဲတွင် သုံးနှစ်မျှ နေခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ဤကျောင်းဆရာ လူသတ်မှုသည် ဘောမန်း၏ နောင်ရေးအတွက် များစွာ အထောက်အကူဖြစ်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ဟစ်တလာ အာဏာရလာပြီးနောက် ၁၉၃၈ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထိုလူသတ်မှုနှင့်ပတ်သက်၍ ထောင်တစ်နှစ်ကျခံခဲ့ရသည့် အတွက် ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင်က မာတင်ဘောမန်းအား ဂုဏ်ထူးဆောင်ဆုတံဆိပ်တစ်ခု ချီးမြှင့်ခဲ့သောကြောင့်ဖြစ်သည်။

ဤသို့ဖြင့် လူလားမြောက်လာသော မာတင်ဘောမန်း၏ဘဝသည် လူသတ်မှုဖြင့် အစပြု၍ အကျဉ်းထောင်ဖြင့် အခြေတည်ခဲ့သည်။

အမှန်စင်စစ် ဘောမန်း၏ငယ်စဉ်ဘဝသည် တစ်စုံတစ်ရာ ထူးခြားမှုမရှိဘဲ 'သူလိုငါလို' ဘဝမျိုးပင်ဖြစ်သည်။ သူတို့မိသားစုသည် ဂျာမနီ အရှေ့ပိုင်းမှ ဘရင်ဒင်ဘတ်မြို့ကလေးတွင် နေထိုင်ခဲ့ကြသည်။ သူ့ဖခင်မှာ မူလက စစ်ဘင်ခရာတီးဝိုင်းတွင် ပါဝင်ခဲ့၍ နောက်ပိုင်းတွင် စာတိုက်

mgyoe.com

mgyoe.com


အမှုထမ်းဖြစ်လာခဲ့သည်။

ဘောမန်း၏ဖခင်သည် ဘောမန်းငယ်စဉ်ကပင် ဆုံးသွားခဲ့ရာ မိခင်ဖြစ်သူသည် နောက်အိမ်ထောင်ပြုခဲ့သည်။ ပထွေးဖြစ်သူမှာ ဘဏ်တိုက်တစ်ခု၏ ဒါရိုက်တာတစ်ဦးဖြစ်သဖြင့် ဘောမန်းတို့မိသားစုအတွက် စားဝတ်နေရေး ချောင်လည်လာခဲ့သည်။ သို့သော် ဘောမန်းမှာ ပညာရေးဘက်တွင် ထူးချွန်မှုမရှိဘဲ အလွတ်ပညာသင်ကျောင်းတွင် သုံးနှစ်မျှ သင်ကြားခဲ့ရ၍ အလယ်တန်းပညာကို နှစ်အတန်ကြာ သင်ကြားခဲ့သည့်ကိုင်အောင် ပြီးဆုံးခြင်းမရှိဘဲ ကျောင်းမှ ထွက်ခဲ့ရသည်။

သို့ဖြင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ရာ ဘောမန်းသည် ၁၉၁၈ ခုနှစ် ဇွန်လမှ ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ စစ်သားဘဝဖြင့် ရှစ်လမျှ အမှုထမ်းခဲ့သည်။ အဆိုပါ ပထမကမ္ဘာစစ်ကြီးတွင် ဟစ်တလာသည် တပ်ကြပ်ကြီးဘဝဖြင့်လည်းကောင်း၊ ဟင်းမလားသည် အရာခံဗိုလ်ဘဝဖြင့်လည်းကောင်း အမှုထမ်းနေကြသည့်အချိန်တွင် ဘောမန်းမှာ အမြောက်တပ်တစ်တပ်တွင် သာမန် ရိုးရိုးစစ်သားကလေးအဖြစ် ထမ်းဆောင်ခဲ့ရသည်။

ဘောမန်းသည် စစ်တပ်မှထွက်ပြီးနောက် မြေပိုင်ရှင်ကြီးတစ်ဦးထံတွင် စာရင်းကိုင်အဖြစ် အလုပ်လုပ်နေရာမှ နောက်တွင် မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ထိုသို့ မြေပိုင်ရှင်ကြီးထံတွင် မန်နေဂျာဘဝဖြင့် ခြောက်နှစ်မျှ အလုပ်လုပ်ခဲ့စဉ်က မြေရှင်ကြီးများအပေါ် အမြဲတစေ ရိုသေကျိုးနွံရသလောက် လယ်သမား ယာသမားများအပေါ် အမြဲတမ်း မောက်မာဝင့်ဝါခဲ့သော ဘောမန်းသည် နောင်သောအခါ၌ 'အထက်ကိုမ,၍ အောက်ကိုဖိ' ဟူသော အတတ်ပညာကို ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့သည်ဟု အဆိုရှိခဲ့သည်။

ဘောမန်းသည် အထက်ဖော်ပြပါ ကျောင်းဆရာသတ်မှုဖြင့် ထောင်ဒဏ်တစ်နှစ် ကျခံခဲ့ရပြီးနောက် ထောင်မှထွက်လာသောအခါ သူ့ဘဝ၏ အနာဂတ်တစ်ခုလုံးအတွက် ပုံအပ်ရမည့်ပုဂ္ဂိုလ်တစ်ယောက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ဤပုဂ္ဂိုလ်မှာ အခြားသူမဟုတ်၊ ဟစ်တလာပင်ဖြစ်သည်။

ဘောမန်း၏ ထူးချွန်သောအရည်အချင်းမှာ သူသည် အခွင့်အရေး

mgyoe.com

mgyoe.com

ကို 'တွေ့အောင်ရှာတတ်' ရုံမျှမက ထိုအခွင့်အရေးကို 'ရအောင်ယူတတ်' သူလည်းဖြစ်သည်။

'သည်ယုန်ကိုမြင်' တတ်သလို 'သည်ချုံကိုလည်းထွင်' တတ်သော ဘောမန်းသည် ဂါဒါဘတ်ချ်အမည်ရှိ အမျိုးသမီးတစ်ယောက်ကို ရင်းနှီးအောင် ဆက်သွယ်ခဲ့သည်။ ထိုအမျိုးသမီးသည် နာဇီဝါဒကို သဘောကျသူတစ်ဦးဖြစ်ရုံမျှမက သူ၏ဖခင် ဝေါလ်တာဘတ်ချ်သည် ဟစ်တလာနှင့် လွန်စွာအကျွမ်းတဝင်ရှိသည့် မိတ်ဆွေတစ်ဦးဖြစ်သည်။ ဒါကို ဘောမန်းကောင်းကောင်းကြီးသိနေသည်။

သို့ဖြင့် 'သည်ယုန်နှင့်သည်ချုံ' ကို 'မြင်တတ် ထွင်တတ်' သော ဘောမန်းသည် အထက်ဖော်ပြပါ ဂါဒါဘတ်ချ်အမည်ရှိ အမျိုးသမီးကို အကြောင်းပြု၍ ဟစ်တလာနှင့် တရင်းတနှီး ဖြစ်ခဲ့ရုံမျှမက နောက်ဆုံး၌ ထိုအမျိုးသမီးနှင့် မိမိတို့လက်ထပ်ပွဲ ဆင်နွှဲပြီး ဟစ်တလာကိုယ်တိုင် တက်ရောက်၍ သတို့သမီး၏ 'ဂေါ်ဒ်ဖားသား' အဖြစ် ဆောင်ရွက်ခဲ့သည်အထိ အောင်မြင်ခဲ့သည်။

ဘောမန်းသည် ထိုနေ့ထိုရက်မှစ၍ ခေါင်းဆောင်ကြီး ဟစ်တလာ၏ 'အနားမှ တစ်ဖဝါးမျှ' မခွာဘဲ အရင်းနှီးဆုံးလူယုံတော်အဖြစ် နေလာခဲ့သည်မှာ ၁၉၄၅ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် ဟစ်တလာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သည့်အချိန်အထိဖြစ်သည်။

နာဇီပါတီသို့ စတင်ဝင်ရောက်ခဲ့သည့် ၁၉၂၇ ခုနှစ်မှာပင် ဘုရင်ဂျီယာပြည်နယ်၏ ပုံနှိပ်လုပ်ငန်းဌာန တာဝန်ခံဖြစ်လာခဲ့သော ဘောမန်းသည် ၁၉၂၈ ခုနှစ်တွင် မြူးနစ်မြို့၌ ဟစ်တလာ ရုံးစိုက်သောအခါ မုန်တိုင်းတပ်ဖွဲ့ ဌာနချုပ်တွင် တာဝန်ယူခဲ့သည်။ ထိုမှတစ်ဖန် ၁၉၃၀ ပြည့်နှစ်တွင် နာဇီပါတီ၏ ရန်ပုံငွေထောက်ပံ့ရေးအဖွဲ့၏ တာဝန်ခံဖြစ်လာခဲ့သည်။

ထိုအချိန်မှစ၍ ဘောမန်းသည် နာဇီပါတီ၏ ဘဏ္ဍာရေးသာမက ခေါင်းဆောင်ကြီး ဟစ်တလာ၏ ငွေရေးကြေးရေး အသုံးစရိတ်များကိုပါ ကြီးကြပ်ကိုင်တွယ်ရသူဖြစ်လာခဲ့သည်။

ဂျာမန်အရင်းရှင်ကြီးများသည် ဟစ်တလာ အာဏာမရသည့်အချိန်

mgyoe.com

mgyoe.com


မှစ၍ အာဏာရလာပြီး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည့် အချိန်ကာလတစ်လျှောက်လုံး နာဇီပါတီအား ဂျာမန်ငွေ သန်းပေါင်းများစွာ မရေမတွက်နိုင်လောက်အောင် ထောက်ပံ့ခဲ့ကြရာ ထိုငွေများအားလုံးကို ဘောမန်းမှတစ်ဆင့် ပေးခဲ့ကြရသည်။

သို့ဖြစ်ရာ အချို့ အချို့သော အကဲခတ်ပုဂ္ဂိုလ်များက ဘောမန်းအပေါ် ဟစ်တလာ ဤရွေ့ဤမျှ ယုံကြည်စိတ်ချ၍ မြှောက်စားအားကိုးခဲ့သည်မှာ ငွေရေးကြေးရေးပြဿနာတစ်ခု အပါအဝင်ဖြစ်ရမည်ဟူ၍ပင် ကောက်ချက်ချခဲ့ကြသည်။ ဤကောက်ချက် မည်မျှ မှန်သည်မမှန်သည်ကို အတိအကျမပြောနိုင်သော်လည်း ကာချက်စ်ဂါဒင်မြို့တွင် မြေကွက်ကြီးတစ်ခုကို ဝယ်ယူပြီး ဟစ်တလာ၏ ကမ္ဘာကျော် နွေရာသီစံအိမ်တော်ကြီးကို တခမ်းတနား ဆောက်လုပ်မွမ်းမံပေးခဲ့သူမှာ မာတင်ဘောမန်းပင်ဖြစ်ကြောင်း လူတိုင်းအသိပင်ဖြစ်သည်။

ထိုသို့ နာဇီပါတီ၏ ဘဏ္ဍာရေးနှင့် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ငွေရေးကြေးရေး သုံးစွဲမှုအပါအဝင် အထွေထွေကိစ္စများကို တာဝန်ယူခဲ့ရသော ဘောမန်းသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွား၍ ၂ နှစ်မျှအကြာ ဥရောပနိုင်ငံ အမြောက်အမြားတို့ ဂျာမန်တို့လက်အောက်သို့ ပြားပြားဝပ်ရောက်လာသည့်အချိန်တွင် 'အခြေအနေ' အရ တစ်ဟုန်ထိုး ရာထူးတက်လာခဲ့သည်။

ယင်း 'အခြေအနေ' မှာ အခြားမဟုတ်၊ ထိုစဉ်က နာဇီပါတီ၏ တာဝန်ခံအကြီးအကဲအဖြစ် ဆောင်ရွက်နေသော ဟစ်တလာ၏ ညာလက်ရုံး ရုဒေါ့ဖ်ဟက်စ်သည် ၁၉၄၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် လေယာဉ်တစ်စင်းကို ကိုယ်တိုင်မောင်းကာ ဂျာမနီနိုင်ငံမှ အင်္ဂလန် စကော့တလန်နိုင်ငံသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ဤတွင် ခေါင်းဆောင်ကြီးဟစ်တလာသည် ရုဒေါ့ဖ်ဟက်စ်၏ လစ်လပ်သွားသောနေရာတွင် မာတင်ဘောမန်းအား မဆိုင်းမတွ ချက်ချင်းလက်ငင်းပင် ခန့်ထားလိုက်သည်။ ဤသို့ဖြင့် ဘောမန်းသည် 'အရှင်မွေးနေ့ချင်းကြီး' ဆိုသလို ဟစ်တလာက 'မွေး' လိုက်သဖြင့် မိနစ်ပိုင်း နာရီပိုင်း

mgyoe.com

mgyoe.com


အတွင်း နာဇီပါတီ၏ အရေးပါအရာရောက်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်လာခဲ့သည်။ ထိုနေ့ ထိုရက် ထိုအချိန် ထိုအခါမှစ၍ နာဇီပါတီတွင် ခေါင်းဆောင်ကြီး ဟစ်တလာမှလွဲလျှင် ဘောမန်းသည် တန်ခိုးအာဏာအရှိဆုံးဖြစ်လာခဲ့သည်။

ဘောမန်းသည် 'မင်းလိုလိုက်၍ မင်းကြိုက်ဆောင်' တတ်သူဖြစ်သည်။ 'အထက်ကို မ,၍ အောက်ကိုဖိ' တတ်သူဖြစ်သည်။

နာဇီပါတီတွင် ဟစ်တလာမှလွဲလျှင် အကြီးဆုံးရာထူးကို ရလာခဲ့သော ဘောမန်းသည် သူ့အထက်မှ တစ်ဦးတည်းသော ဆရာသခင် အာဏာရှင်ဟစ်တလာ ဘာကိုအလိုရှိ၍ ဘာကိုကြိုက်တတ်ကြောင်း ကောင်းကောင်းသိသည်။ သို့ဖြင့် သူသည် ဟစ်တလာအလိုကျ ကိစ္စအဝဝတို့ကို အလိုက်သိစွာ မဆိုင်းမတွ ဆောင်ရွက်ပေးခဲ့သည်။

ဟစ်တလာသည် ဂျူးလူမျိုးများကို ခါးခါးသီးသီး မုန်းတီးသူဖြစ်သည်။ ဂျူးဆိုလျှင် မစင်ထက်ပင် ရွံရှာသူဖြစ်သည်။ ဖြစ်နိုင်လျှင် ဂျူးမှန်သမျှ ကမ္ဘာမြေပြင်ပေါ်မှ တစ်ယောက်မကျန် ပျောက်ကွယ်သွားအောင် လုပ်လိုသူဖြစ်သည်။

ဤသို့သော ခေါင်းဆောင်ကြီး ဟစ်တလာ၏အလိုဆန္ဒများကို ဘောမန်းက အစွမ်းကုန် ဖြည့်ဆည်းပေးခဲ့သည်။ နာဇီပါတီ၏ အကြီးဆုံးသော တာဝန်ခံရာထူးကို ရလျှင်ရချင်း ဘောမန်းသည် ဟစ်တလာ၏အလိုကျ ဂျူးဆန့်ကျင်ရေး၊ ဂျူးဝိုင်းပယ်ရေး၊ ဂျူးမျိုးဖြုတ်ရေးများကို တရားဝင်ဖြစ်အောင် လုပ်ဆောင်လာခဲ့သည်။

ဘောမန်းသည် နာဇီပါတီ၏ အကြီးအကဲဟူသော အရှိန်အဝါဖြင့် ဂျူးလူမျိုးမှန်သမျှ တစ်ယောက်မကျန် ဖမ်းဆီး၍ ချွေးတပ်စခန်းများသို့ ပို့ရန်၊ ဂျူးကပြားမှန်သမျှ အစိုးရထံတွင် မှတ်ပုံတင်ရန်၊ ဂျူးသွေးပါသူများအား ဝိုင်းပယ်ရန် စသည့် အမိန့်များ၊ ညွှန်ကြားချက်များနှင့် ကြေညာချက်များသည် ပြည်ထဲရေးဝန်ကြီး ဝီလျံဖရစ်မှတစ်ဆင့် ပေးပို့ထုတ်ပြန်ခဲ့သည်။

သို့ဖြင့် ဘောမန်းသည် သူကိုယ်တိုင်က ပါးကွက်အာဏာသားအဖြစ် ဆောင်ရွက်ရန်မလိုဘဲ သန်းပေါင်းများစွာသော ဂျူးများအား အော့စ်ဝစ်၊ ဘူချန်ဝေါလ်၊ မေဒါနက် စသည့် ချွေးတပ်ငရဲခန်းများသို့ ပို့ဆောင်ကာ

mgyoe.com

mgyoe.com


သုတ်သင်သတ်ဖြတ်ခဲ့သည်။ ဤသို့ဖြင့် သူသည် သူ့ဆရာသခင် အာဏာရှင်ဟစ်တလာ အလိုဆန္ဒကို အပြည့်အဝ ဖြည့်စွမ်းခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ဝိလျံဖရစ်ထံမှတစ်ဆင့် ထုတ်ပြန်ခဲ့သော မာတင်ဘောမန်း၏ အမိန့်ညွှန်ကြားချက်များသည် မည်မျှ ရက်စက်ခဲ့ပါသနည်းဟူမှု ၁၉၆၃ ခုနှစ် နွေရာသီက ပြုလုပ်ခဲ့သည့် စစ်ခုံရုံးတစ်ရုံးတွင် ဂျာမန်စစ်တရားခံ လူသတ်ကောင်တစ်ဦးဖြစ်သူ ဟဲလ်ဂေါ့က ရုံးတော်တွင် အောက်ပါအတိုင်း ထွက်ဆိုသွားခဲ့သည်။

'ကျွန်တော်တို့တစ်တွေဟာ ဥပဒေကို ချိုးဖောက်ခဲ့ကြတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ကိုပေးထားတဲ့ အမိန့်ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြရတာပါ၊ × × × × ဥပမာအားဖြင့် ကလေးငယ်ကလေး တစ်ယောက်ကို ပွေ့လာတဲ့ မိန်းမတစ်ယောက်ကို ပစ်သတ်ရတော့မယ်ဆိုရင် ကျွန်တော်တို့ဟာ အဲဒီမိန်းမကို အရင်ပစ်သတ်ပြီး ကလေးငယ်ကိုတော့ နောက်မှ ပစ်သတ်ကြရပါတယ်"

နာဇီပါးကွက်အာဏာသားများသည် ဘောမန်း၏အမိန့်ကို အထက်ပါအတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခြင်းဖြင့် သားသည်အမေများကို မိခင်ရော ကလေးပါ သေရွာသို့ ပို့ဆောင်ခဲ့ကြသည်။

ဟစ်တလာသည် ဆိုဗီယက်ယူနီယံကို အဓိကရန်သူအဖြစ် သဘောထားခဲ့သည်။ ဆိုဗီယက်ပြည်သူများကိုလည်း ရန်သူအဖြစ် သတ်မှတ်ခဲ့သည်။

ဟစ်တလာ၏ အထက်ပါသဘောထားကို ကောင်းကောင်းကြီး သိထားသော ဘောမန်းသည် ဆိုဗီယက်ယူနီယံအား အလစ်တွင် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်၍ ဆိုဗီယက်ပြည်သူများကို ကျွန်ပြုရန်အတွက် ဟစ်တလာအား 'မီးလောင်ရာလေပင့်' ပေးခဲ့သည်။

သို့ဖြင့် ဘောမန်း နာဇီပါတီ၏ အကြီးအကဲဖြစ်လာခဲ့ပြီးနောက် တစ်လကျော်မျှအကြာ ၁၉၄၁ ခု၊ ဇွန်လ ၂၂ ရက်နေ့တွင် ဟစ်တလာသည် ဂိုးအားရင်းနှင့် ရေကြောင်းဗိုလ်ချုပ်ကြီး ရေဒါတို့၏ အပြင်းအထန် ကန့်ကွက်နေသည့်ကြားမှ ဆိုဗီယက်ယူနီယံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့

mgyoe.com

mgyoe.com


သည်။

ထို့နောက်တစ်ဖန် တစ်လခန့်အကြာ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဘောမန်းသည် ဟစ်တလာ၏ ထိပ်တန်းလျှို့ဝှက်အစည်းအဝေးတစ်ခုကို တက်ခဲ့ရသည်။ ထိုလျှို့ဝှက်အစည်းအဝေးသို့ ဘောမန်းအပြင် ဂိုးအားရင်း၊ ကိုက်တဲလ်၊ ရိစင်ဘတ်နှင့် အိမ်တော်ရုံးအဖွဲ့တာဝန်ခံ လမ်းမားအပါအဝင် လေးယောက်သာလျှင် တက်ခွင့်ရခဲ့သည်။ အစည်းအဝေးမှာ အချိန်အားဖြင့် ငါးနာရီတိတိကြာ၍ ဟစ်တလာကိုယ်တိုင် ထိုအစည်းအဝေးတွင် ရှည်လျားထွေပြားသော မိန့်ခွန်းများကို ခြွေခဲ့သည်။

'ဆိုဗီယက်ယူနီယံအား တိုက်ခိုက်ဆင်နွှဲသော စစ်ပွဲသည် ဥရောပတိုက်တစ်ခုလုံး၏ စစ်ပွဲကြီးပင်ဖြစ်သည်။ သို့ဖြစ်ရာ ဤစစ်ပွဲကြီးကို ဥရောပတစ်တိုက်လုံး၏ အကျိုးစီးပွားအတွက် တိုက်ခိုက်ကြရမည်'

'မူအားဖြင့် ဆိုရလျှင် ပထမဆုံး လွှမ်းမိုးနိုင်အောင် ကြိုးစားရမည်။ ဒုတိယ ချုပ်ကိုင်နိုင်အောင် ကြိုးစားရမည်။ တတိယအမြတ်ထုတ်နိုင်အောင် ကြိုးစားရမည်'

ဖော်ပြပါ လျှို့ဝှက်အစည်းအဝေးတွင် ဟစ်တလာသည် ဆိုဗီယက်ယူနီယံအား လွှမ်းမိုးချုပ်ကိုင်၍ အမြတ်ထုတ်နိုင်ရန်အတွက် အတိအလင်း ပြောကြားခဲ့သည်။ ဟစ်တလာ၏ ရှည်လျားထွေပြားသော မိန့်ခွန်းကို အထက်ပါအတိုင်း တစ်ခုမကျန် လိုက်လံရေးသား၍ မှတ်တမ်းတင်ခဲ့သူမှာ အခြားသူမဟုတ်၊ ဘောမန်းပင်ဖြစ်သည်။ မှန်သည်။ ဘောမန်းသည် ဟစ်တလာ ပြောကြားခဲ့သမျှ သဘောထားနှင့် ပေါ်လစီများကို 'တစ်ခုမကျန်' မှတ်တမ်းတင်ခဲ့ရုံမျှမက လိုအပ်သည့်နေရာများတွင် သူ့အယူအဆနှင့် သူ့အာဘော်များကိုပင် ထည့်သွင်းလောင်းထည့်ခဲ့သည်မဟုတ်ပါလော။

ဆိုဗီယက်ယူနီယံအား ဝင်ရောက်တိုက်ခိုက်ပြီးနောက် တစ်နှစ်ကျော်မျှအကြာ ၁၉၄၂ ခု၊ ဇူလိုင်လ ၂၂ ရက်တွင် ဘောမန်းသည် ဟစ်တလာရှိရာ ရှေ့တန်းစစ်မြေပြင်ဌာနချုပ်သို့ လိုက်ပါသွားခဲ့သည်။ တစ်နေရာတွင် ဘောမန်းသည် ဟစ်တလာနှင့်အတူ ဂျာမန်တို့သိမ်းပိုက်ထားသော ယူကရိန်း (ရုရှား) ကျေးရွာတစ်ရွာကို ဖြတ်သန်းခဲ့ကြရာ ထိုရွာတွင် ယူကရိန်းကလေး

mgyoe.com

mgyoe.com


သူငယ် အမြောက်အမြားကို လမ်းမပေါ်တွင် တွေ့မြင်ခဲ့ရသည်။ ဤတွင် ဘောမန်းက သူ့ဆရာ ဟစ်တလာအား ဤသို့ပြောကြားခဲ့သည်။

'ယူကရိန်းလို့ခေါ်တဲ့ ရုရှားလူမျိုးတွေ ဒါလောက်လူဦးရေများနေတာကို ခွင့်ပြုဖို့ မသင့်ပါဘူး၊ အခြေအနေကောင်းလာတဲ့တစ်နေ့ကျရင် ရုရှားတွေပိုင်တဲ့ ဒီနယ်မြေမှာ ဂျာမန်တွေကို နေရာချပေးဖို့ သင့်ပါတယ်'

ခေါင်းဆောင်ကြီး ဟစ်တလာသည် သူ့တပည့်ကျော် မာတင်ဘောမန်း၏အယူအဆကို လက်ခံသဘောတူခဲ့သည်။ ဤနယ်မြေတစ်ဝိုက်တွင် ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့ပညာရေးလုပ်ငန်းများကိုလုပ်ရန် မလိုကြောင်း မြွက်ကြားခဲ့သည်။

ဘောမန်းသည် 'ချက်ဆို နားခွက်က မီးတောက်သည့်' လူစားမျိုးဖြစ်သည်။ 'ငါးခြောက်ဆို ဖုတ်ပြီးသားပါဘုရား' ဟူသော တပည့်မျိုးဖြစ်သည်။

သူက စတင်၍ 'အတို့အထောင်' လုပ်ခဲ့သဖြင့် ခေါင်းဆောင်ကြီး ဟစ်တလာက အရိပ်အမြွက်မျှ မိန့်ခွန်းခြွေလိုက်သည်နှင့်တစ်ပြိုင်နက် အောက်ပါညွှန်ကြားချက်များကို မဆိုင်းမတွ သူကိုယ်တိုင်ရေးသား၍ အရှေ့ပိုင်းဒေသ သိမ်းပိုက်ထားသောနေရာများဆိုင်ရာ ဝန်ကြီးဖြစ်သူ ရိုစင်ဘတ်မှတစ်ဆင့် ထုတ်ပြန်လိုက်သည်။

၁။ အရှေ့ပိုင်းဒေသ သိမ်းပိုက်ထားသော နယ်မြေများမှ အမျိုးသမီးများနှင့် မိန်းကလေးများ ကလေးဖျက်ကျခြင်း၊ ကလေးဖျက်ချခြင်းများကို အားပေးကြရမည်။ ဤဖြစ်ရပ်များကို ဂျာမန်တရားသူကြီးများက ကန့်ကွက်ဟန့်တားခြင်းများ လုံးဝမပြုလုပ်ရ။

၂။ ဤနယ်မြေဒေသတွင် ဂျာမန်ကျန်းမာရေးဌာန၊ ဂျာမန်သန့်ရှင်းရေးလုပ်ငန်းများ မလုပ်ရ၊ ဂျာမန်လူမျိုးမဟုတ်သူများအား မည်သည့်ရောဂါကာကွယ်သည့်ဆေးမျိုးကိုမှ ထိုးမပေးရ။

၃။ ဂျာမန်မဟုတ်သူများအား မူလတန်းပညာထက်ပို၍ သင်ကြား

mgyoe.com